# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၃၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံမှ နေရပ်ပြန်လာသည့် မြန်မာနိုင်ငံသားများ မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၅**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ဩဂုတ် ၁ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၄ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအကြောင်း အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


တိုင်းဒေသကြီးများနှင့် ပြည်နယ် မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး SINOPHARM ဆေးကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်
ပြည်တွင်းသတင်း စာ ၄

ညီညွတ်ခြင်းသည် အင်အား . . .
ဆောင်းပါး စာ ၆

အသက်ရှူလေ့ကျင့်ခန်းများများလုပ်ပေးပါ
ဆောင်းပါး စာ ၁၀

ကိုဗစ်- ၁၉ တတိယလှိုင်းကို အကောင်းဆုံး ထိန်းချုပ်နိုင်ရေး ကြိုးစားနေတဲ့ ထိုင်းနိုင်ငံ
နိုင်ငံတကာရေးရာ စာ ၂၄

မြန်မာ့အလင်း

## လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်က လွန်စွာအရေးကြီးသည်။ သို့ဖြစ်သည့်အလျောက် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးနှင့် အလုပ်အကိုင်နေရာချထားရေးတို့တွင် ပိုမို၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လေ့ရှိကြသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြန်းတီးမှုအများဆုံးနှင့် ထိရောက်စွာ မသုံးစွဲနိုင်ဆုံးသော အရင်းအမြစ်သည် လူ့စွမ်းအားအရင်းအမြစ်ပင် ဖြစ်သည်ဟု သုတေသီတို့က ဆိုကြသည်။

"၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်နဲ့အထက် ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ဟာ ကျောင်းမနေဖူးတာကို တွေ့ရပါတယ်။ ဒါ့အပြင် အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူများထဲမှာ အလယ်တန်းအဆင့်နဲ့ ၎င်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်း ရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံလောက် ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရဲ့ ပညာရည်မြှင့်တင်ရေး၊ ပြည်သူလူထုရဲ့ ပညာရည်မြှင့်တင်ရေးကို ကျွန်တော်တို့ ကြိုးကြိုးစားစား လုပ်ကိုင်ရမှာဖြစ်ကြောင်း ပြနေပါတယ်"ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည့် ၆ လပြည့်မြောက်သည့်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည့်အချက်မှာ အထူးဂရုပြုဖွယ်ပင်ဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံ တစ်ပုံခန့်မှာ အလယ်တန်းအဆင့်နှင့်အောက် ပညာအရည်အချင်း ရှိနေခြင်းနှင့် ၎င်းတို့သည် အသက် ၂၅ နှစ်နှင့်အထက် အရွယ်များ ဖြစ်နေခြင်းတို့က နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်တွင် အားနည်းချက်များ ရှိနေပြီး နိုင်ငံ့အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားထည့်ပြုလုပ်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းသွားရန် လိုအပ်နေခြင်းတို့ကို ပြဆိုနေခြင်းပင် ဖြစ်သည်။

ရေရှည်တွင် ပညာတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သလို လတ်တလောတွင် အဆင့်မြင့်ပညာရေးအဆင့်သို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိမလာနိုင်သူများအား အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် ပြည်တွင်းပြည်ပ ကျွမ်းကျင်လုပ်သားဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်လည်းလိုသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံက လိုအပ်သည့် ကျွမ်းကျင်လုပ်သားများတွင် သူနာပြုစုစောင့်ရှောက်ရေး၊ အဆောက်အအုံတွင်း သန့်ရှင်းရေး၊ ဆောက်လုပ်ရေး၊ စက်ကိရိယာအစိတ်အပိုင်းများ ထုတ်လုပ်ရေး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရေး၊ သင်္ဘောဆောက်လုပ်ရေး၊ ကားပြုပြင်ထိန်းသိမ်းရေး၊ လေယာဉ်ကုန်ပစ္စည်းများ တင်ဆောင်ခြင်းနှင့် လေယာဉ်စစ်ဆေးပြုပြင်ထိန်းသိမ်းရေး၊ ဟိုတယ်ဧည့်ကြိုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် ကျွမ်းကျင်အလုပ်သမားများနှင့် အလုပ်ကြီးကြပ်သူများ စသည်တို့ဖြစ်ရာ လုပ်ငန်းနယ်ပယ်အမျိုးမျိုး၊ ကျွမ်းကျင်မှုလိုအပ်ချက်အမျိုးမျိုးတို့ ဖြစ်ကြသည်။ အဆင့်မြင့်ပညာ ဆက်လက်သင်ယူရန် ခက်ခဲသူများကို လုပ်ငန်းကျွမ်းကျင်မှုအမျိုးမျိုးဖြင့် နိုင်ငံတကာကျွမ်းကျင်လုပ်သားဈေးကွက်နယ်ပယ်သို့ ထိုးဖောက်ဝင်ရောက်ပြီး လုပ်သားအတွက်ရော နိုင်ငံအတွက်ပါ အကျိုးပြုနိုင်ကြသည်။

နိုင်ငံဖွံ့ဖြိုးရေးတွင် လူ့စွမ်းအားအရင်းအမြစ်၊ မြေပေါ်မြေအောက် သယံဇာတ၊ ရင်းနှီးမြှုပ်နှံမှုစသည့် အရင်းအမြစ်များ လိုအပ်သည့်အနက် လူ့စွမ်းအားအရင်းအမြစ်သည် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည့် အရေးပါဆုံးအရင်းအမြစ်ဖြစ်သည့်အလျောက် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ခံယူကာ မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေး

**မကွေး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ယနေ့နံနက်ပိုင်းက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ အတွင်းရေးမှူး ဦးဝင်းရှိန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကိုကိုနိုင်တို့နှင့်အတူ မကွေးမြို့ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်၊ မွေးမြူရေးဇုန်သို့ ရောက်ရှိပြီး ဥစားကြက်မွေးမြူထားရှိမှုအခြေအနေ၊ DYL ဝက်မွေးမြူထားရှိမှုနှင့် နို့စားနွားမွေးမြူထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ၎င်းတို့ခြံမှ ထွက်ရှိသည့် ကြက်ဥများကို မိမိတို့တပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့ပေးသည့်အပြင် ပြင်ပသို့လည်းကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အတွက် ကြက်ဥလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ငွေနှင်းမှို စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး တိရစ္ဆာန်များအတွက် အစားအစာထုတ်လုပ်နိုင်ရန်အတွက် စက်ရုံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ဝယ်ယူကုန်ကျမည့် ငွေကျပ်သိန်း ၁၂၀ ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် မကွေးလေတပ်စခန်းဌာနချုပ် မွေးမြူရေးဇုန်နှင့် စိုက်ပျိုးဇုန်သို့ ရောက်ရှိပြီး ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေ၊ နို့စားနွားနှင့် ဆိတ်မွေးမြူထားရှိမှု အခြေအနေများနှင့် ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုရာ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်းက လိုက်လံရှင်းလင်းပြသပြီး ရှင်းလင်းပြသမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ရန်နှင့် အဆိုပါလုပ်ငန်းများအတွက် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးရန်၊ အစားအစာလိုအပ်မှု၊ ဆေးဝါးလိုအပ်မှုများနှင့် ပတ်သက်၍လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**
**(မကွေး)**

# ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ အာဆီယံ-ကိုရီးယား ရန်ပုံငွေဖြင့် မေယု FM Radio များ ထောက်ပံ့ပေးအပ်

**ဘူးသီးတောင် ဩဂုတ် ၅**

အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့၏ ကနဦး အစီရင်ခံစာအရ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်၏ ဦးစားပေးစီမံကိန်းခုနစ်ခုအနက် ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီဘာသာစကားအသုံးပြုသူများအား မေယု FM Radio အစီအစဉ်များကို နားဆင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဘင်္ဂါလီဘာသာစကားအသုံးပြုသူများအား The ASEAN–ROK Fund on the Repatriation of Displaced Persons in Rakhine State ရန်ပုံငွေဖြင့် မေယု FM Radio များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ အနောက်ရပ်ကွက် အထက(၁)ခန်းမနှင့် သပြေကုန်းရပ်ကွက် အလကခန်းမတို့၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘူးသီးတောင်မြို့နယ် ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သတင်းအချက်အလက်မှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မေယု FM Radio အစီအစဉ်များကို ထုတ်လွှင့်လျက်ရှိသည့် အခြေအနေနှင့် ဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘူးသီးတောင်မြို့နယ်ရုံးမှ ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဘူးသီးတောင်မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာ ၆၂ အုပ်စုရှိ ဘင်္ဂါလီဘာသာစကားအသုံးပြုသူများအတွက် မေယု FM Radio ၂၈၄၀၀ ကို ဖြန့်ဝေပေးကြသည်။

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ ဘင်္ဂါလီဘာသာစကား အသုံးပြုသူများအနေဖြင့် မေယု FM အစီအစဉ်များ နားဆင်နိုင်ရန် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ရေဒီယို အလုံးရေ ၄၅၀၀၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ယနေ့တွင် အသိပေးကြေညာထားသည်။

အဆိုပါစာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဇူလိုင် ၁ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ဇူလိုင် ၃၀ ရက်အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ခဲ့ကြောင်းနှင့် ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်းအမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) (ခ) အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်စုဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# စာနာမှုကင်းမဲ့သည့် လုပ်ရပ်

မိမိတို့အနေဖြင့် အောက်ဆီဂျင်လုံလောက်စွာ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလည်း အထူးအစီအစဉ် တစ်ရပ်အနေဖြင့် မှာယူတင်သွင်းလျက်ရှိသဖြင့် စနစ်တကျသုံးစွဲရန်နှင့် သိုလှောင်မှုနှင့်ပတ်သက်၍လည်း ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြောက်ဥက္ကလာပဆေးရုံတွင် အောက်ဆီဂျင်ပိုက်လိုင်းများ ဖျက်ဆီးခံရသည်ဟု ကြားသိရပြီး ဟုမ္မလင်းဆေးရုံတွင်လည်း အကြောင်းမဲ့လုပ်ငန်းခွင်ပျက်ကွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းအချို့က အောက်ဆီဂျင် အိုးများကို သိုဝှက်ထားခဲ့သည်ဟုသိရှိရကြောင်း၊ ထိုကဲ့သို့ လုပ်ရပ်များသည် အတွေးအခေါ်မဲ့ပြီး စာနာမှုကင်းမဲ့သည့် လုပ်ရပ် များပင်ဖြစ်ပြီး ဆေးရုံများအနေဖြင့်လည်း လူနာများ၏ ကျန်းမာရေးအတွက် လုံခြုံရေးတင်းကျပ်စွာ လုပ်ဆောင်ကြရန် လိုအပ် မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၆၉/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ဌေးအောင်အား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၀/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးတင်မြင့်အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၁/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် သူရဦးဘိုနီအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

◆ *ရှေ့ဖုံးမှ*

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများမှ မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများကို မြဝတီမြို့ မဲကနယ်ကိုဗစ်စင်တာတွင် ကုသမှုခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများကို ကျောက်လုံးကြီး ကိုဗစ်-၁၉ စောင့်ကြည့်ရေးစခန်းတွင် ၁၀ ရက် ကန့်သတ်စောင့်ကြည့်ထားမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယနေ့ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၆ ဦး၊ အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၀၄ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

## အိန္ဒိယနိုင်ငံသံရုံးနှင့် အိန္ဒိယနွယ်ဖွား အမျိုးသမီးအသင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

အိန္ဒိယနိုင်ငံသံရုံးနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်း (IWAY)နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် မြန်မာပြည်သူများအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများအား လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းမှုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် Oximeters ၂၆၀၊ N 95 mask (မျက်နှာနှင့် နှာခေါင်းစည်း) ၂၆၀၀၊ surgical masks ၁၉၅၀၀၊ PPE ၁၃၀၀ ၊ ပါရာစီတမောဆေးပြား ၁၂၇၅၀၀၊ ဗီတာမင်စီဆေးပြား ၆၅၀၀၀၊ ဇင့်ဆေးပြား ၃၉၀၀၀ နှင့် ဗီတာမင်အားဆေးပြား ၆၅၀၀၀ တို့ပါဝင်သည်။ ယင်းဆေးဝါးများနှင့်ဆေးပစ္စည်းများကို ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာပေါင်း ၁၃၀ ခန့်အားဒေသခံအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်း၏ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၏ ဇနီးဖြစ်သူ Mrs. Smriti Srivastav နှင့် ဘုတ်အဖွဲ့ဝင်များသည် အဆိုပါ လှူဒါန်းသည့် ပစ္စည်းများကို ဒေသခံအဖွဲ့များမှတစ်ဆင့် လှူဒါန်း ပေးနိုင်ရန် အိန္ဒိယဂေဟာတွင် လွှဲပြောင်းပေးအပ် ခဲ့သည်။ **(အောက်ပုံ)**

**မြန်မာ့အလင်း**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံ-နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်

**နေပြည်တော် ဩဂုတ် ၅**

အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကနေဒါနိုင်ငံခြားရေး ဝန်ကြီး Honourable Marc Garneau တို့က သဘာပတိအဖြစ် ဦးဆောင်ကျင်းပပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်း ရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်ရေးရန်ပုံငွေသို့ပံ့ပိုးလှူဒါန်း**

အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေး တိုးတက်ကောင်းမွန်လျက် ရှိကြောင်းနှင့် အာဆီယံအနေဖြင့် ကနေဒါနိုင်ငံနှင့် ဆွေးနွေးဖက်ဆက်ဆံ ရေး မြှင့်တင်နိုင်စေရန် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အသီးသီးတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး မျှော်မှန်းထားကြောင်း၊ အာဆီယံနိုင်ငံများနှင့် ကနေဒါနိုင်ငံတို့သည် ကိုဗစ်-၁၉ ရိုက်ခတ်မှုကို ရင်ဆိုင်နေကြရပြီး ကနေဒါနိုင်ငံမှ အာဆီယံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ကနဦးလုပ်ငန်း စဉ်များသို့ ထောက်ပံ့ပေးခြင်းနှင့် အထူးသဖြင့် ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်ရေး ရန်ပုံငွေသို့ ပံ့ပိုးလှူဒါန်းခြင်းများအတွက် ကျေးဇူးတင်ရှိ ကြောင်း၊ ကနေဒါအနေဖြင့် အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ခု တွင်သာမက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာကဲ့ သို့ အာဆီယံ၊ ကနေဒါနိုင်ငံနှင့် အထူးသဖြင့် CLMV နိုင်ငံများအတွက် အရေးပါသည့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မျှော်မှန်းကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ASEAN Common Statement ကို ဖတ်ကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အသီးသီးဆွေးနွေးပြောကြားခဲ့ ကြသည်။

**ကာလရှည်ကြာသည့် ဆက်ဆံရေးကောင်းများရှိ**

ထို့နောက် ကနေဒါနှင့်မြန်မာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ၂၀၂၁-၂၀၂၄ ကာလအတွက် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံ ရေး ညှိနှိုင်းရေးနိုင်ငံအဖြစ် တာဝန်ယူမည့် မလေးရှားနိုင်ငံခြားရေး ဝန်ကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။ နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ကနေဒါနိုင်ငံတို့အကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများသည် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးကို မြှင့်တင်ရန် နည်းလမ်း များကို ပြသပေးနိုင်ကြောင်း၊ အာဆီယံအနေဖြင့် ဒေသတွင်း အေးချမ်း သာယာဝပြောရေး၊ အပြန်အလှန်အကျိုးစီးပွားနှင့် ပူးပေါင်း ဆောင်ရွက် ရန် အလားအလာရှိသည့်ကဏ္ဍများတွင် ကနေဒါနှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံ တို့သည် ကာလရှည်ကြာသည့် ဆက်ဆံရေးကောင်းများရှိခဲ့ပြီး မြန်မာ နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ကနေဒါနိုင်ငံမှ ပူးပေါင်းဆောင် ရွက်မည်ဟု မျှော်လင့်ကြောင်းပြောကြားပြီး အာဆီယံတူညီဆန္ဒ(၅) ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) H.E. Dato Erywan Pehin Yusof အား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ် ရန် အဆိုပြုချက်ကို ကြိုဆိုခဲ့ကြောင်းနှင့် အထူးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး (၂)နှင့် ပူးပေါင်းဆောင် ရွက်ရန်နှင့် ၎င်း၏ စွမ်းဆောင်ရည်ကို ယုံကြည်မျှော်လင့်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံ-နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်စဉ်။

**ပူးတွဲသဘာပတိများအဖြစ်ဦးဆောင်ကျင်းပ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ဆက်လက်ကျင်းပသည့် အာဆီယံ-နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံခြား ရေးဝန်ကြီး H.E. PRAK Sokhonn နှင့် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး H.E. Nanaia Mahuta တို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင် ကျင်းပသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် နယူးဇီလန် နိုင်ငံ၏ အစဉ်တစိုက် ကူညီထောက်ပံ့မှုများ၊ အထူးသဖြင့် အာဆီယံ ပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်မှတစ်ဆင့် ပံ့ပိုးမှုများ အပေါ် ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံနှင့် နယူးဇီလန်နိုင်ငံတို့အကြား ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ တို့ကို ကပ်ရောဂါအလွန်ကာလတွင် တိုးမြှင့်နိုင်ရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း၊ ကိုဗစ်-၁၉ ကပ် ရောဂါ တုံ့ပြန်ရေးတွင် နယူးဇီလန်နိုင်ငံ၏ ထည့်ဝင်အကျိုးပြုမှုများကို အသိအမှတ်ပြုကြောင်းနှင့် ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင် နိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆွေးနွေးပြော ကြားသည်။

**အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ်လက်ခံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၃ နာရီတွင် ဗီဒီယို ကွန်ဖရင့်ဖြင့် ကျင်းပသည့် ဗြိတိန်နိုင်ငံကို အာဆီယံ၏ ဆွေးနွေးဖက် နိုင်ငံအဖြစ် လက်ခံကြောင်း ကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက် ခဲ့သည်။

**လေ့လာသူများအဖြစ်တက်ရောက်**

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးသည် မွန်းလွဲပိုင်းတွင် ကျင်းပသော "မဲခေါင်မြစ် မိတ်ဆွေ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်" ၏ ပထမအကြိမ် အစည်း အဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေးကို အမေရိကန်နိုင်ငံ က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်များဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပ သမဂ္ဂ၊ မဲခေါင်မြစ်ကော်မရှင်အတွင်းရေးမှူးရုံးနှင့် ကမ္ဘာ့ဘဏ်တို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက် ရောက်ကြပြီး အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့က လေ့လာသူများအဖြစ် တက်ရောက်ခဲ့သည်။

**ကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်**

အစည်းအဝေး၌ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက မဲခေါင်မြစ် မိတ်ဆွေနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ မဲခေါင်ဒေသ ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက် နိုင်ရေးဖြစ်ကြောင်း၊ လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် မဲခေါင်-အမေရိကန် အစည်းအဝေးများ၌ အပြန်အလှန် လေးစားရေး၊ ပြည်တွင်းရေး မစွက်ဖက်ရေးစသည့် စည်းမျဉ်းစည်းကမ်းများ လေးစား ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကူးစက်မှုများနေသည့် နိုင်ငံများရရှိရေး၊ ကိုဗစ်-၁၉အလွန် စီးပွားရေး ပြန်လည်ထူထောင်ရေး၊ သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများအား ဖြေရှင်းရေး အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးများနှင့် ပြည်နယ် မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SINOPHARM ဆေးကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၅**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ရောက်ရှိနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး SINOPHARM ဆေးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ရှိ ပြည်သူ့ကျန်းမာရေးဦးစီး ဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်ခန်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများ၊ တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ သို့ ဆက်လက်ဖြန့်ဖြူးပေးလျက် ရှိသည်။

ထို့သို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေ မြို့သို့ ဆေးအလုံးရေ ၇၈၁၂ လုံး၊ ဆေးထိုးအပ် ၁၅၆၂၄ ခု၊ သံတွဲမြို့ သို့ ဆေးအလုံးရေ ၄၄၈၈ လုံး ၊ ဆေးထိုးအပ် ၈၉၇၆ ခု ၊ စစ်တွေ မြို့ရှိ နယ်မြေခံဆေးတပ်ရင်း အတွက် ဆေးအလုံးရေ ၄၇၀၀ ၊ ဆေးထိုးအပ် ၉၄၀၀ ၊ အမ်းမြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးအလုံး ရေ ၃၀၀၀ ၊ ဆေးထိုးအပ် ၆၀၀၀၊ ချင်းပြည်နယ် ပလက်ဝမြို့သို့ ဆေးအလုံးရေ ၁၆၂၂ လုံး ၊ ဆေး ထိုးအပ် ၃၂၄၄ ခု ၊ ရှမ်းပြည် နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ ဆေးအလုံးရေ ၇၉၃၀ ၊ ဆေးထိုး အပ် ၁၅၈၆၀ ၊ တနင်္သာရီ တိုင်း ဒေသကြီး ထားဝယ်မြို့သို့ ဆေး အလုံးရေ ၇၀၀၊ ဆေးထိုးအပ် ၁၄၀၀ ၊ မြိတ်မြို့သို့ ဆေးအလုံးရေ ၃၂၀၀ ၊ ဆေးထိုးအပ် ၆၄၀၀ ၊ မြိတ် မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ ဆေးအလုံးရေ ၅၀၀၀ ၊ ဆေးထိုး အပ် ၁၀၀၀၀ တို့ကို တပ်မတော် လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး အဆိုပါ နေရာများမှတစ်ဆင့် သက်ဆိုင်ရာ နေရာများသို့ တပ်မတော် ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဆက် လက်ပို့ဆောင် ဖြန့်ဖြူးပေးမည် ဖြစ်သည်။


ထိုသို့ ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူ များသို့ အမြန်ဆုံး ထိုးနှံပေးနိုင်ရေး အတွက် ဆောင်ရွက်သွားမည်ဖြစ် ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော် (လေ) ရှိ ပို့ဆောင်ရေး လေယာဉ်များနှင့် မြန်မာ့လေ ကြောင်းတို့၏ အကူအညီများရ ယူကာ လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့ မင်္ဂလာဒုံနှင့်မှော်ဘီမြို့နယ်များရှိ တပ်မတော်နှင့် ပုဂ္ဂလိကမွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်များရှိ မွေးမြူရေးစခန်းများနှင့် ပုဂ္ဂလိကမွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။** (ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ်ရှိ တိုင်းစစ်ဌာနချုပ် အမှတ်(၄) စိုက်ပျိုး၊ မွေးမြူရေးစခန်း၌ နို့စားနွား ၁၁၃ ကောင် မွေးမြူထားရှိရာ နေ့စဉ် နွားနို့ ၁၃၅ ပိဿာထွက်ရှိမှု၊ အသားတိုးနွား ၂၂ ကောင် မွေးမြူထားရှိမှုကို လည်းကောင်း၊ ရွှေနံ့သာကျေးရွာအုပ်စု၊ လေးထောင့်ကန်ရပ်ကွက်ရှိ ပုဂ္ဂလိကပိုင် အားမာန်နို့စားနွားခြံ၌ နို့စားနွား အကောင် ၃၀၀ မွေးမြူထားရှိပြီး နေ့စဉ် နွားနို့ပိဿာ ၂၀၀၀ ခန့်ထွက်ရှိမှု၊ နို့စားနွားများမှ နို့ထုတ်ယူနေမှုများ၊ နို့များကို ဒိန်ချဉ် ထုတ်လုပ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစခန်းများမှ ထွက်ရှိလာသောနွားနို့များကို တိုင်းရွှေဂုံ အရောင်းဆိုင်များတွင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မှော်ဘီမြို့နယ်အောက်ဝါးနက် ချောင်းကျေးရွာရှိ ပုဂ္ဂလိကပိုင် ကြက်မွေးမြူရေးခြံ၌ ကြက်ခြံနှစ်ခြံတွင် ဥစားကြက် အကောင်ရေ ၁၀၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ ဝါးနက်ချောင်းကျေးရွာရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစခန်း(ဝါးနက်ချောင်း)၌ အသားတိုး ကြက် ၁၂၀၀၊ ဆိတ်ခြံနှစ်ခြံတွင် ၉၅ ကောင် မွေးမြူထားရှိမှုနှင့် တစ်သျှူးငှက်ပျော အပင် ၁၀၀၀ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ အမှတ်(၄) လမ်းမကြီးအနီး၊ ဖန်ခါးကုန်းကျေးရွာရှိ ပုဂ္ဂလိကပိုင် ရွက်သစ်မွေးမြူရေးခြံ၌ ကြက်ခြံ ၁၂ ခြံတွင် ဥစားကြက်အကောင်ရေ ၃၀၀၀၀ ကျော် မွေးမြူထားရှိပြီး တစ်နေ့လျှင် ကြက်ဥ အလုံး ၂၀၀၀၀ ခန့် ထွက်ရှိမှုနှင့် ဝက်ခြံများတွင် အသားတိုးဝက် အကောင်ရေ ၉၅၀ ကျော် မွေးမြူထားရှိမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို တိုင်းဒေသကြီးအတွင်း သားငါးဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမွေးမြူရေးနှင့် သားဖောက်လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအတွင်း သားငါးဖွံ့ဖြိုးရေး ဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်းငါးလုပ်ငန်းစခန်းသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(ဝဲပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မျိုးငါး မွေးမြူထားရှိမှု၊ ရေချိုငါး မွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာန၏ သုတေသန ဆောင်ရွက်နေမှုများ၊ Biofloc စနစ် နည်းပညာ သုတေသနလုပ်ငန်း၊ သက်ရှိ အစာမွေးမြူခြင်း စသည့် သုတေသန လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငါးသားပေါက်များကို ပုဂ္ဂလိကသို့ ဈေးနှုန်းချိုသာစွာဖြင့် လိုအပ်ချက်နှင့်အညီ ရောင်းချဖြန့်ဖြူးနိုင်ရေး၊ သတ်မှတ်ချက်နှင့်အညီ ငါးမျိုးစိတ်များ ထည့်နိုင်အောင် ဆောင်ရွက်ရေး မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် ငါးလုပ်ငန်းစခန်း လေးခုရှိပြီး နှစ်စဉ် သဘာဝရေပြင်များတွင် ငါးမျိုး စိုက်ထည့်ပေးခြင်းနှင့် ငါးမွေးသူများ၏ ငါးသားပေါက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးနေကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ငါးသားပေါက်စခန်း လေးခုမှ စုစုပေါင်း ငါးသားပေါက်အကောင် ရေ ၂၄၀ သိန်း တိုးတက်ထုတ်လုပ်ရန် လျာထားပြီး လက်ရှိတွင် ၁၅၇ ဒသမ ၃၀ သိန်းကို မြစ်၊ ချောင်း၊ ဆည်တမံအတွင်း ငါးမျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု၊ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဩဂုတ် ၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့အတွင်းရေးမှူး၊ နယ်မြေခံ တပ်မတော်အရာရှိများ၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး တပ်မတော်နှင့် ပုဂ္ဂလိကပိုင် စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။**(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသည့် ကာလအတွင်း ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရန် စစ်တွေမြို့ နာရီကန်ကျေးရွာအနီး ဦးစိန်ဝင်း၏ ပုဂ္ဂလိကပိုင် မွေးမြူရေးလုပ်ငန်းဖြစ်သော ကြက်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်များသို့ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) စိုက်ပျိုးမွေးမြူရေးဇုန်သို့ လည်းကောင်း သွားရောက် ကြည့်ရှုကြကာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ညီညွတ်ခြင်းသည် အင်အား . . .

ဘမောင်တိုး

**တိုင်းပြည်မှာ ဆူပူအကြမ်းဖက်အဖျက်လုပ်ရပ်တွေ ပေါ်ပေါက်နေတာဟာ ဘယ်လိုအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ် မကောင်းတဲ့အဖြစ်တွေပါပဲ။ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ ပေါ်ပေါက်နေမယ်ဆိုရင် ပြည်သူတွေ ဘယ်သူမှ ဝမ်းသာကြမှာ မဟုတ်ပါဘူး။ မြို့ရွာတွေမှာရှိတဲ့ ပြည်သူလူထုအများစုဟာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကြောင့် ကြောက်ရွံ့စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ပူပန်သောက ရောက်နေကြမယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ပြည်သူအားလုံးနဲ့ ခြုံကြည့်မယ်ဆိုရင် မကောင်းမှုတွေကို ဝမ်းသာအားရဖြစ်နေတဲ့သူတွေက အနည်းစုဖြစ်ပြီး စိုးရိမ်ထိတ်လန့်ဖြစ်ကြတဲ့ ပြည်သူတွေက အများစုဖြစ်မှာ သေချာပါတယ်။**

ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေကို ဘယ်သူမှ မလိုလားကြပါဘူး။ လိုလားကြပါတယ် ဆိုသူတွေက ဆူပူလိုသူတွေ၊ အဖျက်သမားတွေ၊ အမှန်နဲ့အမှားကို ကွဲကွဲပြားပြား မမြင်နိုင်တဲ့သူတွေပဲ ဖြစ်ပါတယ်။ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ပတ်သက်လို့ မြို့ရွာတွေ အေးချမ်းတည်ငြိမ်အောင်၊ အဖျက်လုပ်ရပ်တွေ ကင်းစင်အောင် လုံခြုံရေးတပ်ဖွဲ့တွေက အဆက်မပြတ်ပြုလုပ်ပေးနေတာ တောက်လျှောက်ပါပဲ။ လုံခြုံရေးတပ်ဖွဲ့တွေဟာ အေးချမ်းစွာ နေထိုင်ကြတဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးနေပြီး ဆူပူသူတွေ၊ အကြမ်းဖက် အဖျက်လုပ်ရပ်လုပ်နေတဲ့ သူတွေကို တားဆီးကာကွယ်ပေးနေတာတွေဟာ မိဘပြည်သူ ပြည်သူလူထုအားလုံးရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေတာ ဖြစ်ပါတယ်။

## အကြမ်းဖက်သမားကိုဖမ်းဆီး

ယခုရက်ပိုင်းအတွင်း ဆူပူအကြမ်းဖက်မှုတွေကို တားဆီးတိုက်ဖျက်လိုက်နိုင်တာတွေကို တွေ့မြင်လိုက်ရတော့ ပြည်သူထဲက ပြည်သူတစ်ယောက် အနေနဲ့ ကျေနပ်ဝမ်းမြောက်မိပါတယ်။ ပြည်သူထဲက ပြည်သူတွေအနေနဲ့လည်း သင်ခန်းစာတွေကို ဖော်ထုတ် ရရှိလိုက်ကြမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ထဲက ပန်းဆက်ရွာက ဖြစ်စဉ်နဲ့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့က ဖြစ်စဉ်တွေဟာ သင်ခန်းစာယူစရာ၊ မှတ်သားစရာတွေ ဖြစ်ပါတယ်။ မိတ္ထီလာဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ သတင်းတွေကို အကြမ်းဖက် PDF သင်တန်းဆင်းလာသူ အောင်ချစ်ကိုဆီကို သတင်းပို့နေတဲ့ သိန်းသိန်းအိ (ခေါ်) ကုလားမကို ဇူလိုင်လ ၂၆ ရက်နေ့ ညပိုင်းက မိတ္ထီလာ နန်းတော်ကုန်းရပ်ကွက် ၎င်းရဲ့ နေအိမ်မှာ ဖမ်းဆီးမိရာက ဇာတ်လမ်းပေါ်လာပါတယ်။ TNLA အကြမ်းဖက် သောင်းကျန်းသူနယ်မြေမှာ သင်တန်းတက်ပြီး မိတ္ထီလာကို ပြန်ရောက်နေတဲ့ အောင်ချစ်ကိုကို ကုန်မာဆိုင်တစ်ဆိုင်မှာ ဖမ်းဆီးရမိခဲ့ပြီး တရားခံ လက်ခံထားသူ လင်မယားနှစ်ယောက်ကိုပါ ဖမ်းဆီးရမိခဲ့ပါတယ်။

အောင်ချစ်ကိုဟာ သူရဲ့အပေါင်းပါတွေနဲ့ ဧပြီလ ၂၇ ရက်နေ့မှာ မိတ္ထီလာမြို့က ခရိုင်ပညာရေးမှူးရုံးနဲ့ မြို့နယ်လဝကရုံးတွေကို လက်လုပ်ဗုံးနဲ့ ပစ်ခတ်ဖောက်ခွဲခဲ့သူဖြစ်ပါတယ်။ မေလ ၆ ရက်နေ့မှာ ၎င်းနဲ့ အပေါင်းပါတွေက အမက(၃၀) ကျောင်းမှာ ဆရာ ဆရာမတွေ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးပြုလုပ်နေစဉ်မှာ ကျောင်းတွေ ပြန်မဖွင့်နိုင်အောင် ကျောင်းဝင်းထဲကို လေးခွနဲ့ပစ်တာ၊ ကျောင်းဝင်းထဲကို ဝင်ရောက်ပြီး ဆရာ ဆရာမတွေရဲ့ မော်တော်ဆိုင်ကယ် သုံးစီးကို မီးရှို့ဖျက်ဆီးတာတွေ ပြုလုပ်ခဲ့ပါတယ်။ နောက်တစ်နေ့ မေလ ၇ ရက်နေ့မှာ ခရိုင်ပညာရေးမှူးရုံးထဲ ဝင်ရောက်ပြီး ဆရာ ဆရာမတွေရဲ့ မော်တော်ဆိုင်ကယ် ခြောက်စီးကို ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခဲ့တာကို အွန်လိုင်းပေါ်က စီစီတီဗွီမှတ်တမ်းမှာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ ဖောက်ခွဲရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့အတွက် လက်လုပ်မိုင်းတွေကို မြေအောက်ခန်းမှာ ပြုလုပ်ခဲ့တဲ့ ရွှေအုန်းပင်ထမင်းဆိုင်က ရရှိခဲ့ပါတယ်။

## လက်ရဲဇက်ရဲလုပ်ကိုင်ခဲ့

တရားခံအောင်ချစ်ကိုဟာ ဆူပူအကြမ်းဖက်မှုတွေမှာ ပါဝင်ဆောင်ရွက်နေတာကြောင့် မေလ ၁၈ ရက်နေ့မှာ ပုဒ်မ - ၅၀၅ (က)နဲ့ အမှုဖွင့်ခံထားရသူဖြစ်ပြီး ဖမ်းဆီးရန် ကျန်ရှိနေတဲ့ ဆက်စပ်တရားခံ ဇင်မင်းဖြိုးရဲ့ စေခိုင်းချက်အရ TNLA အကြမ်းဖက်သောင်းကျန်းသူတွေ လှုပ်ရှားလျက်ရှိတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ခွန်ကော်အုပ်စု အုန်အီးကျေးရွာမှာ မေလ ၅ ရက်မှ ၂၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့တဲ့ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှ ပြန်ရောက်ချိန်မှာ အခြားသူတွေကိုလည်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ဖို့ စည်းရုံးချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ အောင်ချစ်ကိုနဲ့ အပေါင်းပါတွေဟာ ဖေဖော်ဝါရီလ၊ မတ်လ ဆူပူအကြမ်းဖက်မှုတွေမှာ ပါဝင်လှုပ်ရှားခဲ့ပြီး ဧပြီလမှစလို့ မိတ္ထီလာမြို့ပေါ်မှာ အဖျက်လုပ်ငန်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်လုပ်ကြံမှုတွေ ပြုလုပ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ အောင်ချစ်ကိုနဲ့ အပေါင်းပါတစ်စုဟာ ဧပြီလ၊ မေလ၊ ဇွန်လနဲ့ ဖမ်းဆီးရမိတဲ့ ဇူလိုင်လ ၂၇ ရက်နေ့အထိ မိတ္ထီလာမြို့ပေါ်မှာ အဖျက်လုပ်ငန်းတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လက်ရဲဇက်ရဲ အချိန်ကြာမြင့်စွာ လုပ်ကိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**○ မိတ္ထီလာဖြစ်စဉ်ကတော့ အကြမ်းဖက်အဖျက်သမား ဆယ်ယောက်မကျော်တဲ့ လူတစ်စုဟာ ဧပြီလကစလို့ ဖမ်းဆီးရမိတဲ့ ဇူလိုင်လကုန်အထိ မိတ္ထီလာမြို့ပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေကို လနဲ့ချီကြာ လုပ်ကိုင်ခဲ့ပါတယ်။ လူဦးရေသိန်းချီရှိတဲ့ မြို့နေပြည်သူတွေဟာ အကြမ်းဖက်သမားလူတစ်စုရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် စိုးရိမ်ပူပန်မှုဖြစ်ကြပေမယ့် ဒီအကြမ်းဖက်သမား လူတစ်စုရဲ့ အန္တရာယ်ကို ဟန့်တားလုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါဘူး။ ထုံးစံအတိုင်းပင် အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုတွေ၊ ဒလန်လို့ စွပ်စွဲသတ်ဖြတ်ခံရမှာတွေကို ကြောက်ရွံ့နေကြလို့ ဖြစ်တန်ကောင်းပါတယ်။ ဒါ့ကြောင့်လည်း အကြမ်းဖက်သမား လူတစ်စုက မိတ္ထီလာမြို့ပေါ်မှာ လက်ရဲဇက်ရဲ အချိန်ကြာမြင့်စွာ အဖျက်လုပ်ရပ်တွေ လုပ်ကိုင်နိုင်တာဖြစ်ပါတယ်။ အဓိကမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ ညီညွတ်မှုဟာ အရေးကြီးဆုံးဖြစ်တယ်ဆိုတာကို မင်းကင်းမြို့နယ်ဖြစ်စဉ်နဲ့ မိတ္ထီလာမြို့နယ် ဖြစ်စဉ်တွေက လက်တွေ့သက်သေပြထားပြီးဖြစ်ပါတယ်**

နောက်ဖြစ်စဉ်တစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ထောက်ထားညှာတာမှု ကင်းမဲ့စွာနဲ့ နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးတာတွေ ပြုလုပ်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ အနက် ၅၃ ဦးကို လက်နက်ခဲယမ်းတွေနဲ့အတူ လက်ရ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါတယ်။

**ဇူလိုင်လ ၂၈ ရက်နေ့ နံနက် ၆ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာကို အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀၀ ခန့်က လက်နက်ငယ်တွေနဲ့ အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာသားတစ်ဦး လက်နက်ငယ်ထိမှန် သေဆုံးခဲ့ပြီး ရွာသားငါးဦး ဒဏ်ရာများ ရရှိခဲ့ပါတယ်။ ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ ခန့်ဟာ ပန်းဆက်ကျေးရွာရဲ့ အနောက်တောင်ဘက်မှာရှိတဲ့ တောင်ဖြူကျေးရွာအနီးတစ်ဝိုက်ကို ရောက်ရှိလာရာ ကျေးရွာသားတွေ ညီညီညွတ်ညွတ်ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့တာကြောင့် အကြမ်းဖက်သောင်းကျန်းသူ သုံးဦးကို အသေရမိခဲ့ပြီး တူမီးသေနတ် အလက် ၅၀ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ၅၃ဦးကိုအရှင်ဖမ်းဆီးရမိခဲ့ကြောင်း** သိရပါတယ်။

## အငြိုးအတေးတိုက်ခိုက်

အဆိုပါဖြစ်စဉ်နှစ်ခုကို ကြည့်မယ်ဆိုရင် ပန်းဆက်ကျေးရွာနဲ့ တောင်ဖြူကျေးရွာသားတွေဟာ မိမိတို့ရွာကို မိမိတို့ ကာကွယ်စောင့်ရှောက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အချိန်တိုကာလအတွင်း ပန်းဆက်ကျေးရွာနဲ့ တောင်ဖြူကျေးရွာကို လာရောက် ဖျက်ဆီးတိုက်ခိုက်ကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ညီညီညွတ်ညွတ် ရဲဝံ့စွာ ခုခံတွန်းလှန်ကြပြီး လုံခြုံရေးတပ်ဖွဲ့တွေကလည်း အချိန်မီလာရောက် ကူညီကာကွယ်စောင့်ရှောက်ပေးတဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ ရာနှင့်ချီတဲ့အင်အားတွေအနက် အကြမ်းဖက်သမား ၅၀ ကျော်ကို လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်။

အကြမ်းဖက် သောင်းကျန်းသူတွေဟာ ပန်းဆက်ကျေးရွာကို အငြိုးအတေးထားပြီး အခြားရွာတွေ အကြောက်တရားကြီးအောင် နမူနာလုပ်ပြဖို့အတွက် လာရောက်တိုက်ခိုက်ကြတာဖြစ်ပြီး ရွာသားတွေ ညီညွတ်မှုနဲ့ ခုခံကြသလို လုံခြုံရေးတပ်ဖွဲ့တွေ အချိန်မီကူညီပေးလို့ ထင်သလိုဖြစ်မလာဘဲ အဖျက်သမားတွေပဲ အသေ/ အရှင် ဖမ်းဆီးရမိတာ ဖြစ်ပါတယ်လို့ ရွာသားတစ်ဦးက ပြောပါတယ်။

ကျေးရွာသားတွေက "ပန်းဆက်ရွာကို သောင်းကျန်းသူတွေ လာဝိုင်းတဲ့ကိစ္စကတော့ ပြီးသွားပါပြီ။ ရွာဘက်က တစ်ဦးကျ၊ သုံးဦး ဒဏ်ရာရလို့ စိတ်မကောင်းစရာပေါ့။ လာဝိုင်းတဲ့ သောင်းကျန်းသူ အင်အား သုံးလေးငါးရာလောက်ရှိတယ်။ ရွာက လူညီပြီး ပတ်လည်မှာ ကတုတ်တွေနဲ့ ခုခံထားလို့ ရွာကတော့ မကျပါဘူး။ လုံခြုံရေးတပ်ဖွဲ့က အချိန်မီရောက်လာလို့ အောင်မြင်တာပါ။ ပန်းဆက်နဲ့ သုံးလေးမိုင်ဝေးတဲ့ တောင်ဖြူရွာကိုလည်း အင်အား တစ်ရာခန့်ဝင်ပါတယ်။ ရွာက လူညီပြီး တိုက်နည်းဗျူဟာတွေကောင်းတော့ ဒီကောင်တွေ ခံသွားရတယ်။ သူတို့ရွာထဲဝင်ဖို့ သေနတ်ဖောက်ကြတာ၊ သူတို့သေနတ်တွေက တူမီးတွေဆိုတော့ ယမ်းထောင်းနေတဲ့အချိန် ရွာသားတွေက တူမီးနဲ့ပဲ ဝိုင်းလိုက်တာ ၅၀ ကျော် အရှင်မိပါတယ်။ ခုတော့ လုံခြုံရေးတပ်ဖွဲ့ကို လွှဲလိုက်ပါတယ်။ တောင်ဖြူကတော့ ပြောင်မြောက်လှပါတယ်။ ဘာပဲဖြစ်ဖြစ် ပန်းဆက်ရော၊ တောင်ဖြူရော ဒီနေ့ကိစ္စကို ချီးကျူးပါတယ်။ အသိအမှတ်လည်း ပြုရမှာပါ။ လုံခြုံရေးတပ်ဖွဲ့ အချိန်မီရောက်လာတာကိုလည်း ကျေးဇူးတင်ပါတယ်။ ရှေ့လျှောက် မင်းကင်းမြို့နယ်လုံခြုံရေးကို ဦးစားပေးသင့်ပါကြောင်း အကြီးအကဲများကို တင်ပြပါတယ်" ဟု အကြမ်းဖက်မှုကို မလိုလားတဲ့ အသံတွေကို ကြားခဲ့ရပါတယ်။

## ညီညွတ်မှုဟာအရေးကြီး

မိတ္ထီလာဖြစ်စဉ်ကတော့ အကြမ်းဖက်အဖျက်သမား ဆယ်ယောက်မကျော်တဲ့ လူတစ်စုဟာ ဧပြီလကစလို့ ဖမ်းဆီးရမိတဲ့ ဇူလိုင်လကုန်အထိ မိတ္ထီလာမြို့ပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေကို လနဲ့ချီကြာ လုပ်ကိုင်ခဲ့ပါတယ်။ လူဦးရေ သိန်းချီရှိတဲ့ မြို့နေပြည်သူတွေဟာ အကြမ်းဖက်သမားလူတစ်စုရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် စိုးရိမ်ပူပန်မှုဖြစ်ကြပေမယ့် ဒီအကြမ်းဖက်သမား လူတစ်စုရဲ့ အန္တရာယ်ကို ဟန့်တားလုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ထုံးစံအတိုင်းပင် အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှု တွေ၊ ဒလန်လို့ စွပ်စွဲသတ်ဖြတ်ခံရမှာတွေကို ကြောက်ရွံ့နေကြလို့ ဖြစ်တန်ကောင်းပါတယ်။ ဒါ့ကြောင့်လည်း အကြမ်းဖက်သမား လူတစ်စုက မိတ္ထီလာမြို့ပေါ်မှာ လက်ရဲဇက်ရဲ အချိန်ကြာမြင့်စွာ အဖျက်လုပ်ရပ်တွေ လုပ်ကိုင်နိုင်တာဖြစ်ပါတယ်။ အဓိကမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ ညီညွတ်မှုဟာ အရေးကြီးဆုံးဖြစ်တယ်ဆိုတာကို မင်းကင်းမြို့နယ်ဖြစ်စဉ်နဲ့ မိတ္ထီလာမြို့နယ် ဖြစ်စဉ်တွေက လက်တွေ့သက်သေပြထားပြီးဖြစ်ပါတယ်။

ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည် ငြိမ်းချမ်းသာယာရေးအတွက် ပြည်သူတွေရဲ့အားဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ညီညွတ်မှုဟာ အထိရောက်ဆုံး ဖြစ်ပါတယ်။ ညီညွတ်ကြရင် အဖျက်အန္တရာယ်ကို တစ်ရက်တည်းနဲ့ ကာကွယ်နိုင်ပြီး မညီညွတ်ကြရင် လပေါင်းရှည်ကြာ ဒုက္ခအခက်အခဲ ခံစားရနိုင်ပါတယ်။

တိုင်းပြည်ပျက်စီးရေး လမ်းကြောင်းပေါ်မှာ ညီညွတ်ကြရင် အစိုးရမထိခိုက်ဘဲ တိုင်းပြည်နဲ့ လူထုထိခိုက်နိုင်ပါတယ်။ မိမိတို့လည်း ပျက်စီးမှာဖြစ်ပြီး တိုင်းပြည်မပျက်စီးရေးအတွက် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူ သတင်းတွေကို လုံခြုံရေးတပ်ဖွဲ့အား အသိပေးခြင်းဖြင့် ပူးပေါင်းကူညီကြရင် တိုင်းပြည်ငြိမ်းချမ်းသာယာပြီး ပြည်သူတွေလည်း စိတ်ချမ်းသာမှာဖြစ်ပါကြောင်း။ ။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၁) ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၅

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၁) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်သော ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပထမလှိုင်းနှင့် ဒုတိယလှိုင်းများတွင် ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများ၊ ကျန်းမာရေးသုံးအကာအကွယ်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနိုင်ခဲ့ပြီး ယခု တတိယလှိုင်းကာလတွင်လည်း ဆက်လက်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေသော်လည်း မသန်စွမ်းသူများအတွက် လိုအပ်ချက်များ ပိုမိုဖြစ်ပေါ်နေသည်ကို ကြားသိရပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ရောဂါဖြစ်ပွားပါက ရောဂါခံစားရသူနှင့် ၎င်း၏ မိသားစုများကို ထောက်ပံ့မှုပေးနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ ပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ထိရောက်သော ထောက်ပံ့ခြင်းနှင့် ပိုမိုကောင်းမွန်သော ရလဒ်များကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများနှင့် အဆက်အသွယ်များရယူကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးစွမ်းရည်ရက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၀) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုညှိနှိုင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အများပြည်သူ ရုံးပိတ်ရက်များတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ရေကြောင်းဆိပ်ကမ်းများအပြင် တရုတ်နိုင်ငံ ကုန်သွယ်ရေးစခန်းများသာမက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကုန်သွယ်ရေး စခန်းများမှ တင်သွင်းနိုင်ရေး သံတမန်လမ်းကြောင်းမှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အောက်ဆီဂျင်အရည်အိုးများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

သို့ရာတွင် မသမာသူအချို့က နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုကြီးမားလာစေရန် လည်းကောင်း၊ ဝိသမလောဘသားများက စီးပွားရေး အမြတ်ထုတ်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကို ဈေးကစားလို၍ လည်းကောင်း၊ တရုတ်-မြန်မာနယ်စပ် မူဆယ်နယ်စပ် ကုန်သွယ်ရေးဂိတ်မှ တင်သွင်းသော ဆေးဝါးနှင့် ဆေးပစ္စည်းများ တရုတ်ဘက်မှ တင်သွင်းခွင့် မပြုကြောင်း ကောလာဟလသတင်းအမှားများ ထုတ်လွှင့်လာသည်ကို တွေ့ရှိရသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးတကြီး လိုအပ်နေသာ ဆေးဝါးနှင့် ဆေးပစ္စည်းများ နယ်စပ်မှ တင်သွင်းရာတွင် အဆင်ပြေ ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်၍ ခွင့်ပြုပေးလျက်ရှိကြောင်း အသိပေးကြေညာချက်ကို ဩဂုတ် ၄ ရက်၌ ထုတ်ပြန်ခဲ့သည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၅၈၇၄ ခု၊ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်(Bowser) ယာဉ် နှစ်စီးဖြင့် ၃၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) (၁ ဒသမ ၄၇)တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၅ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၉၁၁၇ ခု၊ Oxygen Plant လေးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၅၀၁ ခု၊ PPE အစုံ ၅၁၄၀၀ ၊ လက်အိတ်တန် ၃၀ နှင့် နှာခေါင်းစည်း (Mask) တန် ၂၁၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများကို ကုမ္ပဏီ ၄၃ ခုမှ ယာဉ်စီးရေ ၈၈ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၂၈၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၂၂၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၁ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၅၂ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၃၃၄၆၆ ခု၊ Oxygen Plant လေးခု၊ အောက်ဆီဂျင် (Generator) ငါးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) အခု ၃၃၆၄၀ ၊ Test Kit ၁၄၁၆၄၂ ခု၊ PPE ၁၉၅၀၂၂ စုံ၊ လက်အိတ် ၃၈ တန်နှင့် နှာခေါင်းစည်း(Mask) ၄၄၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက်လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန် ၊ PPE ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ကူးစက်ရောဂါကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူ များထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်းဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန၌ အချုပ်သား၊ အချုပ်သူနှင့် အကျဉ်းသား၊ အကျဉ်းသူများကို ဩဂုတ် ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ဒုတိယနေ့ ဆက်လက်ထိုးနှံပေးစဉ်။**

(အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦးနှင့် ရမည်းသင်းအကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေတို့က ကာကွယ်ဆေးထိုးနှံကြသည့် အကျဉ်းသား၊ အချုပ်သားများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။)

**ခရိုင်(ပြန်/ဆက်)**

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ မွန်းလွဲ ၁၂ နာရီနာခွဲအချိန် တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက် အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဖြစ်စေ၊ နီးစပ်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေး ကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်း ဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်) | mpf-sagaing@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi@e-moha.gov.mm | |
| ၈ | ပဲခူးတိုင်း ဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၀၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago@e-moha.gov.mm | |
| ၉ | မကွေးတိုင်း ဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway@e-moha.gov.mm | |

စာမျက်နှာ ၉ သို့

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးသိုလှောင်ရုံနှင့် ခွဲစိတ်ဆောင် ဆောက်လုပ်နေမှု ကြည့်ရှု



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ ဆေးသိုလှောင်ရုံနှင့် ခွဲစိတ်ဆောင် အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုနေစဉ်။

ရေကြည် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးသိုလှောင်ရုံနှင့် ခွဲစိတ်ဆောင်အဆောက်အအုံအသစ်အား ကြည့်ရှုကာ မြို့နယ်ကျန်းမာရေးမှူးဒေါက်တာအေးအေးလင်းအား အောက်ဆီဂျင်ရရှိနိုင်မှု အခြေအနေကို မေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများအား လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားကြောင်း သိရသည်။ ထို့နောက် အ-ထ-က (မြို့မ) ကျောင်း၌ ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးမှုကို ကြည့်ရှုကာ ဆေးလာရောက်ထိုးနှံပြီး၍ နာရီဝက်စောင့်ဆိုင်းနေသော မိဘပြည်သူများကို ရေသန့်ဘူး၊ ကြက်ဥပြုတ်နှင့် နို့မှုန့်ထုပ်များ ပေးဝေကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်အား ကြည့်ရှု၍ ဝန်ကြီးချုပ်က မြို့သူမြို့သားများ အထူးလိုအပ်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက်လည်း အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။ အဆိုပါ မြို့နယ်တွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် စတင်လည်ပတ်မည်ဖြစ်သည့်အတွက် မြို့နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကုသရေးဆိုင်ရာ လုပ်ငန်းတွေမှာ အဓိက လိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ပြတ်လပ်မှုမရှိစေရေးနှင့် လုံလောက်စွာရရှိနိုင်ရေးအတွက် မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon@e-moha.gov.mm | |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine@e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်)<br>၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | mpf-yangon@e-moha.gov.mm | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆက်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan@e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟင်္သာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပွတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy@e-moha.gov.mm | |

# အသက်ရှူလေ့ကျင့်ခန်း များများလုပ်ပေးပါ

## —— ကိုရေချမ်း ——

**ကျွန်တော်တို့ ငယ်စဉ်က ကျောင်းအားရက်တိုင်း သူငယ်ချင်းတစ်သိုက် ဘောလုံးကန်ကြသည်။ ဘောလုံးကန်ကောင်းကြသဖြင့် ကျောင်းလက်ရွေးစင်များဖြစ်လာကြသည်။ ကျွန်တော်တို့အုပ်စုတွင် ဖိုးဇော်သည် ဘောလုံးတွင် အကောင်းဆုံးဖြစ်၍ အသင်းခေါင်းဆောင်ဖြစ်ခဲ့သည်။ ကျောင်းချင်း ချိန်းကန်ပွဲ၊ ရပ်ကွက်ချင်း ချိန်းကန်ပွဲတွင် ဖိုးဇော်သည် အားအကိုးရဆုံး တိုက်စစ်မှူးဖြစ်သည်။ သူမပါလျှင် ပွဲမပြီး။ ပွဲများစွာ အနိုင်ရခဲ့သည်။ တစ်နာရီခွဲခန့် အချိန်ကြာကန်သည့် ဘောလုံးပွဲတိုင်းတွင် ဖိုးဇော်သည် မနားတမ်းတစ်ကွင်းလုံးပတ် ကန်နိုင်ခဲ့သည်။ ဖိုးဇော်၏ ကစားကွက်နှင့် သက်လုံကောင်းပုံမှာ အံ့မခန်းဖွယ်ဖြစ်သည်။**




ကျွန်တော် အထက်တန်း၊ တက္ကသိုလ် ကျောင်းပြီးသွားသောအခါ ဖိုးဇော်နှင့် အဆက်ပြတ်သွားခဲ့သည်။ ကျွန်တော်တို့ ဝါသနာပါခဲ့သော ဘောလုံးကစားခြင်းမှာ ပျောက်ကွယ်သွားခဲ့သည်။ ကျောင်းနေစဉ်ကာလက အပတ်စဉ်ပုံမှန် ဘောလုံးကစားခဲ့ကြသည့် သူငယ်ချင်းအပေါင်းအသင်းများသည် အသက်အရွယ်လည်း ငယ်ရွယ်၊ ကျန်းမာရေးလည်း လိုက်စားကြသဖြင့် ကျန်းမာလန်းဖြာကြသည်။ ကျောင်းပြီးဆုံးသွားပြီးနောက် လုပ်ငန်းခွင်သို့ ကိုယ်စီကိုယ်စီ ဝင်ရောက်သွားကြသောအခါ ကျွန်တော်ကိုယ်တိုင် ဝါသနာပါရာ အားကစားတစ်မျိုးမျိုးနှင့် အဆက်ပြတ်သွားခဲ့သည်။ ကျွန်တော့်သူငယ်ချင်းများလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ငယ်ရွယ်စဉ် ကျောင်းသားဘဝက ပညာသင်ကြားကြ၊ ဘောလုံးကန်ကြ၊ အခြားဝါသနာပါရာ တစ်ခုခု လိုက်စားကြနှင့် ပျော်ရွှင် ဖွယ်ရာအတိဖြစ်ခဲ့သည်။

### အားကစားလုပ်

နိုင်ငံ့ဝန်ထမ်း လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီးနောက် အသက် ၃၀ ကျော်၊ ၄၀ ခန့် အရွယ်တွင် ဗဟိုပြည်သူ့ ဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သို့ လုပ်ငန်းခွင်အရာရှိသင်တန်း သုံးလခွဲတက်ခဲ့ရသည်။ သင်တန်းသားများ စုံညီချိန်တွင် ကျွန်တော်တို့ ဇေယျသင်တန်း အပတ်စဉ်(၁၅၆)၌ ဖိုးဇော်ကို မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ခဲ့ရသည်။ ကျွန်တော်က ဌာနတစ်ခုတွင် အရာရှိ၊ ဖိုးဇော်ကလည်း အခြားဌာနတစ်ခုတွင် အရာရှိဖြစ်ပြီး ဖောင်ကြီးသင်တန်းတွင် ဆုံစည်းခဲ့ရသည်။ ငယ်သူငယ်ချင်းနှင့် သင်တန်းတွင် ပြန်လည်ဆုံတွေ့ရ၍ ဝမ်းသာမဆုံးဖြစ်ခဲ့သည်။ ဖောင်ကြီးတွင် သင်တန်း အားလပ်ချိန်၌ သင်တန်းသားများ နှစ်သက်ရာ အားကစားတစ်မျိုးမျိုး ပြုလုပ်ကြသည်။

သင်တန်းသား အမျိုးသားများက ဘောလုံးကန်ကြသည်။ ကျောင်းသားဘဝက တစ်သင်းတည်းကစားခဲ့သော ဖိုးဇော်သည် ယခု ဝန်ထမ်းသင်တန်းသားဘဝတွင် တစ်ဖက်အသင်းအနေဖြင့် ယှဉ်ပြိုင်ကစားကြသည်။ ဖိုးဇော်၏ ခြေရည်ကိုသိသော ကျွန်တော်သည် ဖိုးဇော်တို့ အသင်းကို သေချာပေါက် ရှုံးမည်ဟု တွက်ဆထားခဲ့သည်။ လက်တွေ့ ယှဉ်ပြိုင်ကစားသောအခါ ဖိုးဇော်တို့အသင်းကို ကျွန်တော်တို့အသင်းက အနိုင်ရခဲ့သည်။ ပြိုင်ပွဲတွင် ဖိုးဇော်၏ ကစားကွက်များမှာ ငယ်စဉ်ကကဲ့သို့မဟုတ်တော့ပေ။ ဖိုးဇော်သည် တစ်ကွင်းလုံးပတ်ကာ ခြေစွမ်းမပြနိုင်တော့ပေ။ ပြေးလိုက်၊ နားလိုက်နှင့် နောက်တန်းတွင် ကျန်ခဲ့သည်။ နောက်တန်းနေသော်လည်း ကျွန်တော်တို့အသင်းမှ တိုက်စစ်မှူးနောက်သို့ အမီလိုက်ကာကွယ် တိုက်ဖျက်နိုင်စွမ်း မရှိသည်ကို သတိပြုမိသည်။

ဘောလုံးပြိုင်ပွဲပြီးသောအခါ ဖိုးဇော်အား ကျွန်တော်က "သူငယ်ချင်း ဘယ်လိုဖြစ်တာလဲ၊ ငယ်ငယ်က မင်းခြေကို ဘယ်လိုမှမမီနိုင်ဘဲ အမြဲအနိုင်ရခဲ့တာ၊ အခု မင်းခြေတွေ အတော်ကျသွားပါလား"ဟု မေးကြည့်ရာ ဖိုးဇော်က "အေး . . . ငါ အရင်လို မကန်နိုင်တော့ဘူးကွ၊ ဝါသနာပါလွန်းလို့သာ ဝင်ကန်ရတာ၊ ကွင်းတစ်ပတ် မပြေးနဲ့ ဘောလုံးနောက်ကို နည်းနည်းလိုက်တာနဲ့ မောနေတာ"ဟု ပြောပြသည်။ ထိုအခါ ကျွန်တော်က "ဧကန္တ မင်း ဆေးလိပ်သောက်တယ်နဲ့တူတယ်" ဟု မေးကြည့်သည်။ "အေး ဟုတ်တယ်" "ငါတို့ ကျောင်းပြီးသွားလို့ လုပ်ငန်းခွင်ထဲ ရောက်ကတည်းက ငါဆေးလိပ်သောက်တယ်။ အရက်သောက်တယ်။ အခုဆို ဆေးလိပ်၊ အရက်သောက်လာတာ ၁၀ နှစ်၊ ၁၅ နှစ်လောက် တောင်ရှိနေပြီ" ဟု ဖိုးဇော်က ဆိုသည်။ "သြော် ဒါ့ကြောင့် ဘောလုံးမကန်နိုင်တော့တာကိုး၊ ဆေးလိပ်နဲ့ အရက်ဖြတ်လိုက်ပါ သူငယ်ချင်းရာ" ဟုသာ ကျွန်တော်ပြောနိုင်ခဲ့ပြီး သင်တန်းဆင်းသောအခါ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ပြန်လည် ကွဲကွာသွားခဲ့သည်။

### အရေးကြီးအဆုတ်

ယမန်နေ့က နာရေးသတင်းတစ်ပုဒ်တွင် ကျွန်တော်၏သူငယ်ချင်း ဖိုးဇော်၏ နာမည်ကို တွေ့လိုက်ရသည်။ အံ့သြခြင်း၊ စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းများစွာဖြစ်ရသည်။ ကိုဗစ်ကာလဖြစ်၍ သူငယ်ချင်း၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခြင်းလည်း မပြုနိုင်ပေ။ နောက်မှ သူငယ်ချင်းအချင်းချင်းအား ကိုဗစ်လား၊ ဘာလား ဘာရောဂါနှင့် ဆုံးတာလဲဟု မေးမြန်းကြည့်ရာ ကိုဗစ်လား၊ ဘာလားတော့မသိ၊ အဆုတ်ပျက်စီးပြီးဆုံးတာဟု သိရသည်။ လုပ်ငန်းခွင်ဝင်ကတည်းက ဆေးလိပ်သောက်ခဲ့သောသူငယ်ချင်းသည် လုပ်ငန်းခွင်မပြီးဆုံးသေးမီပင် အကြွေစောခဲ့သည်။ ဘောလုံးကန်ထူးချွန်သူ သူငယ်ချင်းသည် ဆေးလိပ်တန်ခိုးဖြင့် ဘောလုံးလောကကို အရှုံးပေးခဲ့သည်။ သေချာသည်မှာ ဆေးလိပ်တန်ခိုးဖြင့်ပင် အဆုတ်ပျက်စီးပြီး ဘဝခရီးကို စောစီးစွာ အဆုံးသတ်ခဲ့သည်။ အဆုတ်သည် လူ့ဘဝသက်တမ်းစေ့နေနိုင်ရေးအတွက် အရေးအကြီးဆုံး ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်ကို သိလိုက်ရသည်။

ယနေ့ ကိုဗစ်ဖြစ်ပွားနေသော ကာလတွင် မြန်မာနိုင်ငံရှိ မိဘပြည်သူတွေကြား၌ အောက်ဆီဂျင်ကျ၍ အောက်ဆီဂျင် ရှာဖွေရယူနေကြသည့် မြင်ကွင်းများကို နေ့စဉ်မြင်တွေ့နေရသည်။ စိတ်မချမ်းမြေ့စရာ မြင်ကွင်းများပင်ဖြစ်သည်။ ယခုအချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုများ ဖြစ်ပွားလျက်ရှိရာ အများစုမှာ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပျက်စီးမှုကြောင့် အောက်ဆီဂျင်ကျပြီး သေဆုံးမှုများအဖြစ်များသည်ကို တွေ့ရသည်။

အဆုတ်၊ နှလုံး၊ ဆီးချို၊ သွေးတိုး ရောဂါအခံရှိသူများ သေဆုံးနှုန်း ပိုများကြသည်။ အဆုတ်အားမကောင်း၊ အဆုတ်ပျက်စီးလျှင် ကိုဗစ်က လွယ်ကူကူ တိုက်ခိုက်ဖျက်ဆီးနိုင်ပြီး အဆုတ်အားကောင်း၊ အဆုတ်ကျန်းမာလျှင် ကိုဗစ်ကို လွယ်လွယ်ကူကူ ခုခံတွန်းလှန်နိုင်မည်ဖြစ်သည်။ ကျွန်တော့် သူငယ်ချင်း ဖိုးဇော်သည် အဆုတ်ပျက်စီးသောကြောင့် ကိုဗစ်က လွယ်လွယ်ကူကူဖျက်ဆီးနိုင်ပြီး ဘဝကို စောစောစီးစီး အရှုံးပေးခဲ့ရသည်။ ကိုဗစ်ဖြစ်စေ၊ အခြားရောဂါဖြစ်စေ အဆုတ်သည် အသက်ရှင်သန်ရေးအတွက် အဓိကကျသော ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်၍ အဆုတ်ပျက်စီးစေမည့်၊ အဆုတ်ကိုထိခိုက်စေမည့် အနေအထားများ၊ ဆေးလိပ်သောက်မှုများအား သတိမူရှောင်ရှားရမည်ဖြစ်သည်။

### အောက်ဆီဂျင်

ယနေ့အခါတွင် မိဘပြည်သူများ အဆုတ်အားနည်းသောကြောင့် အောက်ဆီဂျင် ရှူနေကြသည်တို့နှင့် ပတ်သက်၍ မေ့ဆေးဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထွေး၏ အကြံပြုချက်ကို မျှဝေလိုပါသည်။

"လေထဲမှာရှိတဲ့ အောက်ဆီဂျင် ၂၀-၂၁ ရာခိုင်နှုန်းဟာ လုံလောက်တာထက် ပိုတယ်ဆိုတာကို ထပ်မံအတည်ပြု ပြောချင်ပါတယ်။ ဒါပေမယ့် ကိုဗစ်မှာ ဘာ့ကြောင့် အောက်ဆီဂျင် အပိုကို သုံးနေကြရလဲဆိုတဲ့မေးခွန်း မေးစရာရှိပါတယ်။ ရှင်းပြပါ့မယ်။ လူ့ကိုယ် ခန္ဓာရဲ့အဆုတ်မှာ လေအိတ် (alvilia) လေးတွေ ၇ မီလီယံလောက် ရှိပါတယ်။ ဒီလေအိတ်တွေကို ဖြန့်လိုက်ရင် အလျား ၇၀ မီတာ၊ အနံ ၇၀ မီတာလောက်ကျယ်ပါတယ်။ ဒီလေအိတ်လေးတွေကို သေးငယ်တဲ့လေပြွန် (bronchioles) လေးများဖြင့် စပျစ်ခိုင်လို ဆက်သွယ်ထားပါတယ်။ ထိုလေအိတ်ပတ်ဝန်းကျင်မှာက သေးငယ်တဲ့ ဆံခြည်မျှင်သွေးကြောလေးများဖြင့် ဝန်းရံထားပါတယ်။ ကိုယ်ခန္ဓာက လိုအပ်တဲ့ အောက်ဆီဂျင်ကို အဲဒီနေရာကနေ ကိုယ်ခန္ဓာထဲ ပို့ရပါတယ်။

"ကိုဗစ်ဖြစ်သူများရဲ့ ပြဿနာက.... အဲဒီနေရာမှာပါ။ ဆံခြည်မျှင်သွေးကြောလေး များပိတ်တယ်။ လေအိတ်ပြွန်ငယ်လေးများ ချွဲဖြင့်ပိတ်တယ်။ ပိတ်တဲ့ အရွယ်အစားပေါ် မူတည်ပြီး လေအဝင်အထွက်၊ အောက်ဆီဂျင် ကိုယ်ထဲရောက်တဲ့ပမာဏ ကွာကြပါတယ်။ အောက်ဆီဂျင်ကျတယ်ဆိုတာ ပိတ်တဲ့ ပမာဏများလို့ပါ။ အောက်ဆီဂျင်ရှူလိုက်ခြင်းအားဖြင့် ကျန်နေတဲ့ လေအိတ်နည်းနည်းလေးထဲမှာရှိတဲ့ အောက်ဆီဂျင် ၂၀ ရာခိုင်နှုန်းကို မြှင့်ပေးလိုက်တာပါ။ အဲဒါဟာ ခဏတာပဲကောင်းပါတယ်။ ရက်ပိုင်းလေးပါ။ အောက်ဆီဂျင်ကို၌က ကြာကြာရှူရင် လေအိတ်လေးများ ပြန်ဖောင်းလာအောင် လုပ်ပေးတဲ့ surfactant လို့ခေါ်တဲ့ ဓာတ်တစ်မျိုးကို ယုတ် လျော့စေပါတယ်။ ဒ့ါကြောင့် အောက်ဆီဂျင်ကို ဘိန်းရှူသလို တစ်ပတ်၊ နှစ်ပတ်ရှူနေရင် ကျန်နေတဲ့ လေအိတ်လေးတွေပါ ပိတ်ကုန်ပြီး လူသေတဲ့အထိ ဖြစ်လာပါလိမ့်မယ်။ တချို့ဆို (၃-၄)ရက်အတွင်း သေကြရပါတယ်။

### ဆေးလိပ်ရှောင်

"ဒ့ါကြောင့် လေအိတ်ပြန်ဖွင့်ပေးမဲ့ အသက်ရှူလေ့ကျင့်ခန်းကို (မဖြစ်မနေ) ကျန်တဲ့ လေအိတ်လေးတွေ မပိတ်ခင်... ထိထိရောက်ရောက် လုပ်ကို လုပ်ရပါ့မယ်။ နေကောင်းနေစဉ်ကတည်းက လေ့ကျင့်နေရင် တကယ်လက်တွေ့ရောဂါရတော့ ဆက်လုပ်နိုင်တာပေ့ါ။ ကိုယ်တို့ ပြည်သူပြည်သားများ ကိုဗစ်ကို နိုင်အောင် တိုက်နိုင်ကြပါစေ...။

ဖြည့်စွက်ချက်... Google မှာ Breathing Exer-cises for Covid Patient ဆိုပြီး ရိုက်ရှာပါ။ အသက်ရှူလေ့ကျင့်ခန်းတွေ အများကြီး တွေ့ရပ့ါမယ်။ ဖွင့်ပြီး ကိုယ်တိုင် လိုက်လုပ်ကြပါ။ ဆေး၊ အောက်ဆီဂျင်တို့ကိုသာ အားကိုးမနေကြပါနဲ့....။ လှံ့လလည်းထူ၊ ဉာဏ်လည်းကူ နောက်ချီးလည်းချ၊ ငါလည်းမ ...တဲ့။ ကိုယ့်အားကိုယ်ကိုး အင်အားမစိုက် မလုပ်ချင် မကိုင်ချင်ရင်တော့ ကိုယ်ပဲနစ်နာဆုံးရှုံးရမှာပါ" ဟူသည့် ဆရာဝန်ကြီး၏ အဆုတ်နှင့်ပတ်သက်သည့် သတိပေးစကားမှာ မှတ်သားစရာဖြစ်သည်။

ယနေ့အချိန်ကာလတွင်အဆုတ်အားနည်းသောသူများ ကိုဗစ်ကို လွယ်လွယ်ကူကူ ကူးစက်ခံရနိုင်သည်။ ကိုဗစ်ရောဂါ ကူးစက်ခံရသောအခါ အဆုတ်ပျက်စီးပြီး သေဆုံးနိုင်သည်။ ရောဂါတစ်ခုခုကို အကြောင်းပြု၍ အောက်ဆီဂျင်ကိုသာ အားကိုးနေ၍ မဖြစ်ပေ။ အောက်ဆီဂျင်သည် အထူးကြပ်မတ်လူနာများအတွက် လိုအပ်ချက်ဖြစ်သည်။ ကျွန်တော်တို့ ပြည်သူတွေ အသက်ဝဝရှူနိုင်အောင်၊ လူ့သက်တမ်း အပြည့်အဝနေနိုင်အောင် ကျန်းမာရေးကို ဂရုစိုက်ကြရမည်။ အဓိကကျသည့် အဆုတ်ကျန်းမာရေးကို အလေးပေးကြရပါမည်။ ကျွန်တော့်သူငယ်ချင်း ဖိုးဇော်လို လူ့သက်တမ်းမတိုအောင် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။ အသက်ရှူလေ့ကျင့်ခန်းများများ လုပ်ပေးပါဟု အကြံပြုတိုက်တွန်းချင်ပါသည်။ ။

**❖ အဆုတ်အား မကောင်း၊ အဆုတ်ပျက်စီးလျှင် ကိုဗစ်က လွယ်ကူကူ တိုက်ခိုက်ဖျက်ဆီးနိုင်ပြီး အဆုတ်အားကောင်း၊ အဆုတ်ကျန်းမာလျှင် ကိုဗစ်ကို လွယ်လွယ်ကူကူ ခုခံတွန်းလှန်နိုင်မည်ဖြစ်သည်**

**❖ ကိုဗစ်ဖြစ်စေ၊ အခြားရောဂါဖြစ်စေ အဆုတ်သည် အသက်ရှင်သန်ရေးအတွက် အဓိကကျသော ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်၍ အဆုတ်ပျက်စီးစေမည့်၊ အဆုတ်ကို ထိခိုက်စေမည့် အနေအထားများ၊ ဆေးလိပ်သောက်မှုများအား သတိမူရှောင်ရှားရမည် ဖြစ်သည်**



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ စိုက်ပျိုး၊ မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ်။



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ ပုသိမ်မြို့ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိက ပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံး ကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ လည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့ရှိ ရှမ်းရိုးမမွေးမြူရေးဇုန်နှင့် SKF Farm Myanmar Co.Ltd ၏ SWINE GGP Farm ဝက်မွေးမြူရေးခြံ၊ ဒေါက်တာစိုင်းလုံ၏ အဆင့်မြင့် ကြက်မွေးမြူရေးခြံ၊ အေးသာယာမြို့ရှိ ပြောင်းအခြောက်ခံစက်ရုံ၊ တောင်ကြီးမြို့ရှိ ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံများ သို့လည်းကောင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် တာဝန်ရှိသူများက ထားဝယ်မြို့ရှိ တပ်နယ်စိုက်ပျိုး၊ မွေးမြူရေးဇုန်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ နှင့် တာဝန်ရှိသူများက မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၄) စိုက်ပျိုး၊ မွေးမြူရေးစခန်း၊ လေးထောင့်ကန်ရပ်ကွက်ရှိ ပုဂ္ဂလိကပိုင် အားမာန်နို့စားနွားခြံနှင့် မှော်ဘီမြို့နယ်ရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစခန်း (ဝါးနက်ချောင်း)များသို့ လည်းကောင်း။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံနှင့် နယ်မြေခံလေတပ်စခန်းဌာနချုပ်ရှိ မွေးမြူရေးခြံများသို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး နှင့် တာဝန်ရှိသူများသည် ပုဂ္ဂလိကမွေးမြူရေးခြံ ဖြစ်သည့် စစ်တွေမြို့နယ် နာရီကန်ကျေးရွာအနီးရှိ ဦးစိန်ဝင်းပိုင် ဥစားကြက်မွေးမြူရေးခြံ၊ ငါးမွေးမြူရေး ကန်များနှင့် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေး ဇုန်များသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တာဝန် ရှိသူများက ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ ခင်မွန်ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံနှင့် ဆင်မြေ ကျေးရွာ မေခဇော်ကြက်မွေးမြူရေးကုမ္ပဏီ၏ အသားစားကြက်မွေးမြူရေးခြံများသို့ လည်းကောင်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ နယ်မြေခံတပ်ရှိ DYL ဝက်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက ဟားခါးတပ်နယ်ရှိ မွေးမြူရေးခြံနှင့် ဟားခါးထာရ် ရပ်ကွက်ရှိဒေါ်ဆုန်ထလျာ၏ဥစားကြက်မွေးမြူရေးခြံ များသို့ လည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်းငါးမွေးမြူရေး စခန်းနှင့် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး ခြံများသို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန် ရှိသူများက နယ်မြေခံတပ်ရှိ စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများသို့ လည်းကောင်း သွားရောက်၍ မျိုးစေ့ထုတ်လုပ်ငန်း၊ Green House စိုက်ပျိုးရေးလုပ်ငန်း၊ ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ DYL ဝက်မွေးမြူရေး လုပ်ငန်း၊ ဆပ်ပြာရည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖယောင်းတိုင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် နို့ထွက် ပစ္စည်းကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုပြီး တာဝန် ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်း များ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးအလုံးရေ ၇၉၃၀ နှင့် ဆေးထိုးအပ်များ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**ကျိုင်းတုံ ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ဆေးအလုံးရေ ၇၉၃၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲက ရောက်ရှိသည်။

တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်လာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm အမျိုးအစား အလုံးရေ ၇၂၀၀၊ Sinovac အမျိုးအစား အလုံးရေ ၇၃၀ စုစုပေါင်း အလုံးရေ ၇၉၃၀ နှင့် ဆေးထိုးအပ် ၁၅၈၆၀ ကျိုင်းတုံမြို့သို့ရောက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံရယူကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၉ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm အမျိုးအစား အလုံးရေ ၈၈၀၀ နှင့် ဆေးထိုးအပ်များ ကျိုင်းတုံမြို့သို့ရောက်ရာ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များ အလိုက် ကာကွယ်ဆေးများ ဖြန့်ဝေထိုးနှံပေးပြီး ဩဂုတ် ၅ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm နှင့် Sinovac အမျိုးအစား အလုံးရေ ၇၉၃၀ နှင့် ဆေးထိုးအပ်များ ကျိုင်းတုံမြို့သို့ ထပ်မံ ရောက်ရှိ၍ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များသို့ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်လက်ဖြန့်ဝေပေးမည် ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၅-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၇၄၂) ခု | (၂၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၉) ခု | (၅၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၁) ခု | (၁၇၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၉၉) ခု | (၁၉၄) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၂) ခု | (၆) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇၂) ခု | (၄၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၈၁) ခု | (၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၀၂) ခု | (၆၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၆၂၆) ခု | (၂,၇၁၁) ဦး |
| စုစုပေါင်း | (၁၄,၂၈၄) ခု | (၄,၁၃၂) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကိုမဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့်နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြုပူးပေါင်း ဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

● *ကျောဖုံးမှ*

နာမည်ကြီး ဘာရာဇီးအသင်းသည် တိုကျို အိုလံပစ်ပြိုင်ပွဲတွင် ငါးပွဲယှဉ်ပြိုင်ကစားထားရာ ရှုံးပွဲ ကြုံတွေ့ထားခြင်း မရှိသေးဘဲ ဂျာမနီ၊ ဆော်ဒီအာရေဗျ၊ အီဂျစ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ထို့အတူ စပိန်အသင်းကလည်း ငါးပွဲ ယှဉ်ပြိုင်ကစားထားရာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသေးဘဲ ဩစတြေးလျ၊ အိုင်ဗရီကို့စ်၊ ဂျပန်အသင်းတို့ကို အနိုင်ရရှိထားသည်။

ဘာရာဇီးအသင်းမှ တိုက်စစ်ကစားသမားတစ်ဦး ဖြစ်သူ ရစ်ချတ်လီဆန်သည် ဂျာမနီ၊ ဆော်ဒီအာရေဗျ အသင်းတို့နှင့်ပွဲစဉ်တွင် ငါးဂိုးအထိ သွင်းယူထားနိုင်သော်လည်း ပြီးခဲ့သည့် အီဂျစ်၊ မက္ကဆီကိုအသင်းတို့နှင့် ပွဲစဉ်တွင် နှစ်ပွဲဆက် ဂိုးသွင်းယူထားနိုင်ခြင်း မရှိသည်ကို သတိပြုရမည်။ ဘာရာဇီးအသင်းတွင် ဒန်နီအဲလ်ဗက်စ်၊ မယ်ကွန်၊ ပေါ်လင်ဟို၊ မာတင်နယ်လီ စသည့်ကစားသမားကောင်းများ ထည့်သွင်း ရွေးချယ်ထားသောကြောင့် ဗိုလ်လုပွဲတွင် စပိန်အသင်းကိုကျော်ဖြတ်ကာ အောင်မြင်မှု ရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

စပိန်အသင်းသည် ဆိုင်မွန်၊ ပါအူတောရက်စ်၊ မီရန်ဒါ၊ ဂါစီယာ၊ စီဘယ်လော့စ်၊ ပက်ဒရီ၊ အေဆန်စီယို၊ အိုလ်မို၊ အိုယာဇာဘယ် စသည့် ကစားသမားကောင်းများဖြင့် ဖွဲ့စည်းထားသော်လည်း တိုက်စစ်ပိုင်း ခြေစွမ်းပြသထားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော်လည်း စပိန်အသင်းသည် လိုအပ်သည့် နိုင်ပွဲများကို ရယူထားနိုင်သောကြောင့် စုဖွဲ့မှုအားကောင်းသည့်အသင်းဟု မှတ်ချက်ပြုရပေမည်။

ဘာရာဇီးအသင်းသည် ၂၀၁၂ ခုနှစ်က လန်ဒန်တွင် ကျင်းပသည့် အိုလံပစ်ပြိုင်ပွဲတွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ၂၀၁၆ ခုနှစ်က ရီယိုဒီဂျနေးယိုးတွင် ကျင်းပသည့် ပြိုင်ပွဲတွင် အောင်မြင်မှုသရဖူဆောင်းထားနိုင်သည်ကို တွေ့ရသည်။ ထိုနည်းတူ စပိန်အသင်းကလည်း ၂၀၀၀ ပြည့်နှစ်က ဆစ်ဒနီ၌ ကျင်းပသည့် အိုလံပစ်ပြိုင်ပွဲတွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ၁၉၉၂ ခုနှစ်က ဘာစီလိုနာ ကျင်းပသည့် အိုလံပစ်ပြိုင်ပွဲတွင် အောင်မြင်မှုသရဖူ ဆောင်းထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ဘာရာဇီးအသင်းရော စပိန်အသင်းပါ ယခုနှစ် တိုကျိုတွင် ကျင်းပသည့် အိုလံပစ်ပြိုင်ပွဲတွင် မည်သည့်အသင်းက ရလဒ်ကောင်းရယူပြီး မှတ်တမ်းသစ်ရေးထိုးကာ အောင်မြင်မှုသရဖူဆောင်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၅**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခိုက်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ၅-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၁၈၅၄၄၇ | ၂၉၇၈၇၄၆၈ | ၆၃၁၃၃၈ |
| ၂။ | အိန္ဒိယ | ၃၁၈၁၅၇၇၅၆ | ၃၀၉၇၄၇၄၈ | ၄၂၆၄၃၄ |
| ၃။ | ဘရာဇီး | ၂၀၀၂၆၅၃၃ | ၁၈၈၀၀၈၈၄ | ၅၅၉၇၁၅ |
| ၄။ | ရုရှား | ၆၃၇၉၉၀၄ | ၅၇၀၀၂၁၂ | ၁၆၂၅၀၉ |
| ၅။ | ပြင်သစ် | ၆၂၀၇၄၁၆ | ၅၇၂၁၂၉၅ | ၁၁၂၀၄၆ |
| ၆။ | ဗြိတိန် | ၅၉၅၂၇၅၆ | ၄၅၆၇၅၁၆ | ၁၃၀၀၀၀ |
| ၇။ | တူရကီ | ၅၈၂၂၄၈၇ | ၅၄၇၈၁၈၅ | ၅၁၇၆၇ |
| ၈။ | အာဂျင်တီးနား | ၄၉၇၅၆၁၆ | ၄၆၁၅၈၃၄ | ၁၀၆၇၄၇ |
| ၉။ | ကိုလံဘီယာ | ၄၈၁၅၀၆၃ | ၄၆၁၅၃၅၄ | ၁၂၁၆၉၅ |
| ၁၀။ | စပိန် | ၄၅၄၅၁၈၄ | ၃၇၆၀၉၇၁ | ၈၁၈၄၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၅ - ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၅၆၈၃၃၁ | ၂၉၄၇၆၄၆ | ၁၀၂၃၇၅ |
| ဖိလစ်ပိုင် | ၁၆၂၇၈၁၆ | ၁၅၃၂၄၉၄ | ၂၈၄၂၇ |
| မလေးရှား | ၁၂၀၃၇၀၆ | ၉၇၆၆၂၆ | ၁၀၀၁၉ |
| ထိုင်း | ၆၉၃၃၀၅ | ၄၇၃၇၃၂ | ၅၆၆၃ |
| မြန်မာ | ၃၁၉၂၅၀ | ၂၃၀၃၀၈ | ၁၀၉၈၈ |
| ဗီယက်နမ် | ၁၈၁၇၅၆ | ၅၄၃၃၂ | ၂၃၂၇ |
| ကမ္ဘောဒီးယား | ၈၀၂၂၅ | ၇၃၄၂၁ | ၁၅၀၇ |
| စင်ကာပူ | ၆၅၅၀၈ | ၆၃၃၅၇ | ၃၉ |
| လာအို | ၇၅၁၁ | ၃၈၀၄ | ၇ |
| ဘရူနိုင်း | ၃၃၉ | ၂၈၉ | ၃ |

# အာဆီယံအစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ပါဝင်ဆွေးနွေး




အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အွန်လိုင်းအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။

ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၅

**အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် ဝန်ကြီးများအဆင့် အစည်းအဝေးများကို အွန်လိုင်းမှ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးများတွင် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။**

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်က အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ကူညီရန် ကတိပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ဘလင်ကန်က ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် ဒေသတွင်း၌ နိုင်ငံတကာဥပဒေကို လက်ကိုင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကို ဆန့်ကျင်တိုက်ဖျက်ရာတွင်လည်း ကူညီသွားမည်ဖြစ်ကြောင်း ဘလင်ကန်က ကတိပေးခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာဆီယံနိုင်ငံများ ရင်ဆိုင်နေရသော မည်သည့်စီးပွားရေး ထိခိုက်မှုမျိုးကိုမဆို အမေရိကန်နိုင်ငံက ကူညီသွားမည်ဖြစ်ကြောင်း ဘလင်ကန်က ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီးကလည်း အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဆိုင်ကလုန်းမုန်တိုင်း လူပစ် တရုတ်နိုင်ငံ ဂွမ်ဒေါင်းနှင့် ဖူကျန်းပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ရာ လူသောင်းချီ၍ရွှေ့ပြောင်းမှုများ ပြုလုပ်

**ကွမ်ကျို့ ဩဂုတ် ၅**

၂၀၂၁ ခုနှစ်၏ ကိုးခုမြောက် ဆိုင်ကလုန်းမုန်တိုင်း လူပစ်သည် တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် ကမ်းရိုးတန်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ရာ မုန်တိုင်းမတိုက်ခတ်မီ ဒေသခံပေါင်း ၃၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နာနိုစီရင်စု ရှန်တိုမြို့ ကမ်းရိုးတန်းကမ်းလွန်တွင် ၎င်း၏ အလယ်ဗဟို၌ တစ်စက္ကန့်လျှင် ၂၄ မီတာအထိ တိုက်ခတ်ခဲ့ကြောင်း ဂွမ်ဒေါင်းပြည်နယ် မိုးလေဝသစောင့်ကြည့်ရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မုန်တိုင်းကြောင့် ပင်လယ်ကမ်းခြေ ရှမ်ျောခင်းကြည့်နေရာပေါင်း ၄၃ ခုနှင့် ရေချိုးဆိပ်များကို ပိတ်ခဲ့ရကြောင်း ပြည်နယ် အရေးပေါ် စီမံခန့်ခွဲမှုဌာနက ပြောသည်။ ငါးဖမ်းလှေ ၃၅၀၀ စင်းကျော် ကမ်းပြန်ကပ်ခဲ့ပြီး ကမ်းလွန်တွင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ဆောင်ရွက်နေသူ ၆၂၀၀ ကမ်းခြေသို့ ပြန်လည်ခိုနားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း လူပစ်ကြောင့် နောက်သုံးရက်အတွင်း လေပြင်း တိုက်ခတ်မှုများနှင့် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်သည်။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း လူပစ်သည် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်သို့ ဒုတိယအကြိမ် ဝင်ရောက် တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရသည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်သို့ လူပစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လမ်းများ ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း တစ်သန်းခွဲကျော်ရှိလာ

**မနီလာ ဩဂုတ် ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၁၂၇ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၂၇၈၁၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ထုတ်ပြန်ဖော်ပြသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၁၉၆ ဦး ထပ်မံသေဆုံးပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၈၄၂၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဒယ်လ်တာကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၁၆ ဦး တိုးလာသောကြောင့် စုစုပေါင်း ဒယ်လ်တာကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၃၁ ဦးအထိ ရောက်ရှိလာခဲ့သည်။

ဒယ်လ်တာကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အားလုံးအနက် ၉၅ ဦးမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၈၃ ခုမှာ မြို့တော် မနီလာမှဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးပြီးသူ ၁၆ သန်းနီးပါး ရောက်ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ အရေးပေါ်ကြေညာချက်ကို ပြည်နယ်ရှစ်ခုအထိ တိုးမြှင့်ရန် ဂျပန်ဆုံးဖြတ်

**တိုကျို ဩဂုတ် ၅**

ကူးစက်မြန်ပြင်းထန် ဒယ်လ်တာကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပြည်နယ်အချို့တွင် အလျင်အမြန် ဖြစ်ပွားနေသောကြောင့် ဂျပန်အစိုးရသည် အရက်သေစာရောင်းချခြင်းများကို တားမြစ်ခြင်းအပါအဝင် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာချက်ကို ပြည်နယ်ရှစ်ခုအထိ တိုးချဲ့ပြဋ္ဌာန်းရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်နှင့် အခြားနေရာများတွင် မယုံကြည်နိုင်သောနှုန်းဖြင့် ကူးစက်ဖြစ်ပွားနေကြောင်း ဂျပန်ဝန်ကြီးချုပ် ယိုရှီဟိဒဲ ဆူဂါက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုများ တိုးလာလျက်ရှိချိန်တွင် ကိုဗစ်-၁၉ ရောဂါကို ပြင်းထန်စွာ ခံစားနေရသော လူနာအရေအတွက်လည်း တိုးလာကြောင်း ဆူဂါက ပြောသည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ၏ ၉၀ ရာခိုင်နှုန်းသည် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ အရေးပေါ်ကြေညာလိုက်သော ပြည်နယ် ရှစ်ခုမှာ ဖူကူရှီမာ၊ အီဘာရာကီ၊ တိုချီဂီ၊ ဂမ်မာ၊ ရှီဇူအိုကာ၊ အိုင်ချီ၊ ရှီဂါနှင့် ကူမာမိုတို တို့ဖြစ်ကြသည်။ အဆိုပါ အရေးပေါ် ကြေညာချက်သည် ဩဂုတ် ၃၁ ရက်အထိ ကြာမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ တုံ့ပြန်ရေး တာဝန်ခံဝန်ကြီး ယာဆူတိုရှီ နီရှီမူရာက ကိုဗစ်-၁၉ ပြင်းထန်စွာ ခံစားနေရသော လူနာအရေအတွက်သည် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ခန့်က နှစ်ဆခန့်မြင့်လာကြောင်း ပြောသည်။

**အင်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်

**ဘန်ကောက် ဩဂုတ် ၅**

ထိုင်းနိုင်ငံ၌ ဩဂုတ် ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၉၂၀ ရှိလာသောကြောင့် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနှုန်းဖြင့်စံချိန်တင်ခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၉၃၃၀၅ ဦးအထိ ရောက်ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် သုံးရက်ဆက်တိုက်တိုးလာလျက်ရှိပြီး ဇူလိုင် ၁၇ ရက်မှစတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ အထက်ရှိခဲ့သည်။

ကိုဗစ်-၁၉ အခြေအနေထိန်းချုပ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် လူပေါင်း ၁၆၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၆၆၃ ဦး ရှိလာပြီဖြစ်သည်။

အစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမိုထိုးပေးနိုင်ရေး ကြိုးစားလျက်ရှိသည်။ ယခုနှစ်ကုန်တွင် လူဦးရေ သန်း ၇၀ နီးပါး၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌဟောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဟောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌဟောင်းနှင့် ဒုတိယမြို့တော်ဝန်ဟောင်း တာဝန်များထမ်းဆောင်ခဲ့သော ဦးရဲမင်းဦး၏ ဆောင်ရွက်ချက်များနှင့် နေပြည်တော်မြို့မဈေး၌ မီဒီယာစင်တာ ဆောက်လုပ်ခြင်းတို့နှင့် ပတ်သက်၍ အဂတိလိုက်စားမှုများအပေါ် စိစစ်ဖော်ထုတ်ပေးနိုင်ပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်အမည်သစ်ပြောင်းလဲမှုနှင့် အများပြည်သူမှ ပိုမိုသိရှိပြီး ဝန်ဆောင်မှုများပေးနိုင်စေရန်အတွက် Digital Marketing Services Facebook ကြော်ငြာဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများကို ဖောက်ဖျက်၍ ဝန်ဆောင်မှုကို အခြားကုမ္ပဏီများထက် အခကြေးငွေပိုမိုလျက် အမှန်တကယ်လုပ်ငန်းတည်ရှိမှု မရှိသည့် ၎င်းနှင့်ဆက်စပ်သည့် ကုမ္ပဏီတစ်ခုသို့ ၃-၈-၂၀၂၀ ရက်နေ့တွင် ကြော်ငြာလုပ်ငန်း ငှားရမ်းခြင်းပြုရာတွင် မြန်မာငွေကျပ် ၂၈ သန်းကျော်ကို ပိုမိုခွင့်ပြုပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း။

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ မြေဂရန်သက်တမ်းကုန်ဆုံးနေခြင်း၊ ဂရန်အမည်ပေါက်ပြောင်းလဲရန်လိုအပ်ခြင်း စသည့်စာရွက်စာတမ်းအထောက် အထား မပြည့်စုံဘဲ ၎င်းနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်နှစ်ဦးအား ၁၆-၃-၂၀၂၀ ရက်နေ့ တွင် ငွေကျပ်သန်း ၁၇၀ ကို စာချုပ်ချုပ်ဆိုထုတ်ချေး ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက် နစ်နာ ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း။

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးသည် ၎င်းနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်တစ်ဦး၏ အိမ်နှင့် မြေအား အာမခံပြုလုပ်၍ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးယူရာတွင် ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ်သန်း ၄,၂၅၀ သာ ချေးယူသင့်ကြောင်း အကြံပြုတင်ပြမှုကို လျစ်လျူရှု၍ ချေးငွေကျပ်သန်း ၄,၅၀၀ အား ၂၈-၉-၂၀၂၀ ရက်နေ့တွင် ချေးယူခွင့်ပြုခဲ့ခြင်း၊ ထပ်တိုးချေးငွေ ကျပ်သန်း ၄၅၀ အား ထပ်မံခွင့်ပြုခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း။

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးသည် ပုဂ္ဂိုလ်တစ်ဦးမှ မြေနှင့်အိမ်အား အာမခံပြုလုပ်၍ ချေးငွေရယူထားမှုကို ကုမ္ပဏီတစ်ခုအမည်ပြောင်းပြီး ချေးငွေဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ခံသည့် ငွေကျပ်သန်း ၄,၇၁၉ အပေါ် ငွေကျပ် ၈၁ သန်း ပိုမိုပြီး ၂၈-၉-၂၀၂၀ ရက်နေ့တွင် ငွေကျပ်သန်း ၄,၈၀၀ ထုတ်ချေးခဲ့ခြင်းသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေမူဝါဒနှင့်ကိုက်ညီမှုမရှိဘဲ ထုတ်ချေးခဲ့ခြင်းကြောင့် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခဲ့ကြောင်း။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးသည် နေပြည်တော် မြို့မဈေးပွဲရုံတန်း၌ Information Center တည်ဆောက်ရန် ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်မှုမရှိဘဲ ၎င်းနှင့်ဆက်စပ်သည့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုသို့ ၆-၁-၂၀၂၁ ရက်နေ့တွင် လုပ်ငန်းတန်ဖိုး ငွေကျပ် ၁၆၉ သန်းကျော်ဖြင့် စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ခြင်း၊ ကုမ္ပဏီက တင်ဒါစီမံကိန်းမဟုတ်ဘဲ တင်ဒါစီမံကိန်းဟုဖော်ပြပြီး နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအဖြစ် ငွေကျပ် ၅၉ သန်းကျော် ချေးယူရာတွင် ထုတ်ချေးရန် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဦးရဲမင်းဦးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်ကောင်စီနယ်မြေ အမှတ်(၁)နှင့် အမှတ်(၅)မြို့မရဲစခန်းတို့တွင် ၅-၈ ၂၀၂၁ ရက်နေ့၌ ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် ဖွင့်လှစ်ထားသော Quarantine Center များမှ လူနာများအတွက် အာဟာရဖြည့်အစားအစာများ ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်း ၆၃ ကျောင်းတွင် ကိုဗစ်-၁၉ ပထမနှင့် ဒုတိယအကျော့ကာလအတွင်း ၂၀၂၀ ပြည့်နှစ်ဧပြီ ၉ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၁၈ ရက်အထိ Quarantine Center များ ဖွင့်လှစ်ခဲ့၍ ပြည်တွင်း၊ ပြည်ပမှ မြန်မာနိုင်ငံသား ၉၃၈၃ ဦး Quarantine လက်ခံခဲ့သည်။ ကိုဗစ်-၁၉ တတိယ အကျော့စတင်ချိန်မှစ၍ သင်တန်းကျောင်း ၃၂ ကျောင်းတွင် အင်အား ၁၄၂၉ ဦး ဆံ့မည့် Quarantine Center များ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇူလိုင် ၆ ရက်မှ ယနေ့ထိ လူနာ ၆၂၉ ဦး လက်ခံခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် Quarantine ဝင်ရောက် လျက်ရှိသော လူနာများအား တစ်ဦးလျှင် တစ်ရက် ကြက်ဥသုံးလုံး၊ ကွေကာတစ်ထုပ်၊ အိုဗာတင်းတစ်ထုပ်၊ ဟောလစ်တစ်ထုပ်နှင့် ခေါက်ဆွဲခြောက် တစ်ထုပ်နှုန်းဖြင့် အာဟာရဖြည့် အစားအစာများကို စတင်ဝင်ရောက်ချိန်မှ ပြန်လည်ထွက်ခွာသည့်ရက်အထိ ထောက်ပံ့ပေးလျက်ရှိ ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**



## သတင်းစာဆရာ၊ စာရေးဆရာကြီးဦးစိန်ထွန်းအောင် ကွယ်လွန်

ဆရာကြီး ဦးစိန်ထွန်းအောင်သည် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၆၇)၊ ရာဇသင်္ကြန်(၄) လမ်း၊ ၁၁ ရပ်ကွက်နေအိမ်တွင် ဩဂုတ် ၃ ရက်က ကွယ်လွန်၍ ဩဂုတ် ၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း သိရသည်။

ဆရာကြီးကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နယ်၌ (၁၀-၄-၁၉၃၄) ရက်နေ့တွင် မိဘများဖြစ်ကြသည့် ဦးဖေ-ဒေါ်စောခင်တို့က မွေးဖွားခဲ့သည်။

ဥက္ကံမြို့တွင် ငယ်ရွယ်စဉ်မှ အသက် (၁၆ )နှစ် (၇)တန်းအောင်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် တိုက်ကြီးမြို့ အစိုးရအထက်တန်းကျောင်း၌ ကျောင်းထွက်လက်မှတ်နှင့် တက္ကသိုလ်ဝင်စာမေး ပွဲ(၈ တန်းနှင့် ၉ တန်းအောင်) အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် (၁၉၅၂-၅၃) ခုနှစ် ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့ရာ မြန်မာဝေါဟာရနှင့် အနုစာပေ၊ ဗုဒ္ဓကျမ်းစာ၊ သမိုင်း၊ အင်္ဂလိပ်ဘာသာရပ်တို့ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ သတင်းစာပညာ ဒီပလိုမာသင်တန်း(၁၉၅၈)၊ ပညာရေးဒီပလိုမာသင်တန်း(၁၉၆၃) ၊ အခြေခံနိုင်ငံရေး သင်တန်းအမှတ်စဉ် ၉ (၁၉၆၆) ၊ အလုပ်သမားကောင်စီ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် ၈(၁၉၆၈) စသည့် သင်တန်းများ တက်ရောက်ဆည်းပူးခဲ့သည်။

၁၉၅၆ ခုနှစ် တက္ကသိုလ်ပညာရေး သင်ယူမှုအပြီးတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၌ အထက်တန်းစာရေးအဖြစ် တစ်နှစ်ခန့် လုပ်ကိုင်ခဲ့သည်။ အထောက်တော်သတင်းစာ စတင်ထုတ်ဝေပြီး နှစ်လခန့်အကြာ ၁၉၅၇ ခုနှစ် ဧပြီလတွင် အထောက်တော် သတင်းစာတွဲဖက်အယ်ဒီတာ အဖြစ် ခန့်ထားခြင်းခံရချိန်မှစ၍ စာပေစာနယ်ဇင်း နယ်ပယ်၌ ခြေချခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း အထောက်တော်၊ ပြည်ကျော်၊ နိုင်ငံသစ်သတင်းစာများ၌ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထို့နောက် သတင်းစာထုတ်ဝေမှုလုပ်ငန်းများ မတည်မငြိမ်ဖြစ်နေချိန် ၁၉၆၄-၁၉၆၅ ခုနှစ်တွင် အလွတ်ပညာသင်ကျောင်း အထက်တန်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်းနောက် ပြည်သူပိုင် အသွင်ကူးပြောင်းလာသည့် ကြေးမုံသတင်းစာတွင် ၁၉၆၆ ခုနှစ်မှစ၍ ၁၉၉၂ ခုနှစ် အငြိမ်းစားယူသည်အထိ ၂၆ နှစ်ကြာ အယ်ဒီတာ(စာတည်းတာဝန်ခံ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားမယူမီ နောက်ဆုံးသုံးနှစ် ကာလအတွင်း မူရင်းတာဝန်အပြင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၏ နိုင်ငံခြားသတင်းဘာသာပြန် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) အမှုဆောင်အယ်ဒီတာအဖြစ် လည်းကောင်း တွဲဖက်တာဝန်ယူ ဆောင်ရွက်ခဲ့သည်။



သတင်းစာတိုက် အသီးသီးတွင် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် ကာလ အတွင်း သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသည်တို့ကို စာနယ်ဇင်းများတွင် ကလောင်အမည် အထောက်တော်စိန်ထွန်းအောင်၊ မောင်ညာဏ်ရှိန်၊ လင်းရောင်ဟူသော ကလောင်ခွဲများဖြင့် ပြုစုရေးသားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID–19)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီ အကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကိုဗစ်–၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်–၁၉ ရောဂါကို–


(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။








# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် ဩဂုတ် ၅**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။(ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက် လာကြသူများက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**နေပြည်တော် ဩဂုတ် ၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှု မခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှိမြို့နယ်များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာလိုက်နာရန် အသိပေးနှိုးဆော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ လက်ခံဆောင်ရွက် ပေးလျက်ရှိရာ ဩဂုတ် ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၂၂၂ ဦး၊ အမျိုးသမီး ၁၇၄ ဦး စုစုပေါင်း ၃၉၆ ဦးကိုလည်းကောင်း၊ ချင်းရွှေဟော်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၆ ဦးကိုလည်းကောင်း၊ မြဝတီမြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၂၄ ဦး၊ အမျိုးသမီး ၈၀ စုစုပေါင်း ၂၀၄ ဦးကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေး တပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၅**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေး ဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၇၄၈၃ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၂၄၆ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၈၉၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၅၇ ဦး စုစုပေါင်း ၁၉၈၅၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၆၉၁ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၉၃၂၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၆၀၁၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၉ ဦးနှင့် အမျိုးသမီး ၁၆၅ ဦး စုစုပေါင်း ၃၁၄ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသမီး နှစ်ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၉၀ နှင့် အမျိုးသမီး ၂၄၂ ဦး စုစုပေါင်း ၅၃၂ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၈၂ ဦးနှင့် အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၄၃ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးဆိုင်ရာကိစ္စရပ်များတွင်အသုံးပြုရန် အလှူငွေများလှူဒါန်း

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူရှင်များမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး Coronavirus Disease 2019 (Covid-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ကိုက အမှာစကားပြောကြားသည်။

ယင်းနောက် မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ရုံးက ငွေကျပ်သိန်း ၁၀၀၀၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်း (MDA)က ငွေကျပ်သိန်း ၁၀၀၀၊ ဦးအောင်ကျော်ဝင်း (ငြိမ်းချမ်းကောင်းကင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၀၊ ဦးအေးကို(Axion ကုမ္ပဏီ)က ငွေကျပ်သိန်း ၂၀၀၊ ဦးခင်မောင်အေး (ဝိန့်စိန်ရွှေဆိုင်) မိသားစုက ငွေကျပ်သိန်း ၁၀၀နှင့် တန်ဖိုးငွေကျပ်သိန်း ၉၀ရှိ (၃၅)လီတာဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀၊ ဦးတင်မိုး + ဒေါ်မြနှင်းဝေ (ရွှေပြည့်လျှံနှင့် စူပါစိမ်းကျောက်မျက်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးထွန်းထွန်းစိုး (ရတနာမိုးကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးဝင်းစိန်+ဒေါ်သန်းသန်းဝင်း (ရွှေရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သိန်း ၁၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးချုပ် သူရိန်ထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၃၁၀၀ ဖြစ်ပြီး ယနေ့အထိလှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၈၃၆၀ ဖြစ်ကြောင်းနှင့် လှူဒါန်းငွေများကို အောက်ဆီဂျင်စက်ရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အောက်ဆီဂျင်အရည်များ ဝယ်ယူခြင်း၊ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်ကာကွယ် ကုသရေး အထောက်အကူပြုပစ္စည်းများ စက်သုံးဆီများ ဝယ်ယူခြင်း၊ Stay at Home ဆောင်ရွက်စဉ် အဝင်/အထွက် ဂိတ်အသီးသီးတို့တွင် တာဝန်ထမ်းဆောင်နေကြသော ပူးပေါင်းအဖွဲ့များကို အုပ်ချုပ်မှုကိစ္စများ ထောက်ပံ့ခြင်းတို့တွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို တိုင်းဒေသသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀) သို့ အောက်ဆီဂျင်အိုး ၄၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၊ နမ္မတူမြို့ နှင့် ကျောက်မဲမြို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်များတွင် အသုံးပြုရန်အတွက် အောက်ဆီဂျင်အိုး နှစ်လုံး၊ Flow Meter သုံးခု၊ Mask ၄၃၀၀၀၊ PPE ဝတ်စုံ ၃၀၅ စုံ၊ လက်သန့်ဆေးရည်ဘူး ၁၂၀၊ လက်အိတ်အစုံ ၁၀၀၊ အရက်ပြန် ၅၆ လုံးနှင့် ဆေးဖျန်းပုံး ခြောက်ပုံး၊ လားရှိုးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးနေသော ပရဟိတအဖွဲ့များနှင့် လားရှိုးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးသော အသင်း(Swat Team)တို့ကို Mask ၉၂၀၀၊ PPE ဝတ်စုံ ၇၈၀ နှင့် လက်သန့်ဆေးရည်ဘူး ၁၂၀၊ လက်အိတ် အစုံ ၁၃၀၀၊ Face Shield ၄၈၀၊ ခေါင်းစွပ် ၂၀ ၊ Oximeter ၁၀ ခု၊ ပိုးသတ်ဆေးရည် ၁၃ လုံးနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့၊ ပန်းတနော်မြို့၊ ဓနုဖြူမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ Oxygen Flow Meter ၃၅ ခုနှင့် အောက်ဆီဂျင်အိုး ၁၈၆ လုံးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အသုံးပြုရန် အတွက် စေတနာရှင် အလှူရှင်များက ငွေကျပ်သိန်း ၂၄၀၊ အောက်ဆီဂျင်အိုး အလုံး ၂၀၊ Mask ၆၂၅၀၀ ၊ လက်ဆေးဆပ်ပြာဘူး ၇၀၊ သာမိုမီတာ အခု ၃၀၊ ကိုဗစ်-၁၉ Test Kit ၂၅၀ နှင့် ကိုဗစ်-၁၉ ကုသဆေးမျိုးစုံ ၁၉၂၀၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် တုံ့ပြန်နိုင်ရေးတို့အတွက် တာချီလိတ်မြို့ရှိ စံလင်းဖြိုးကုမ္ပဏီက ထိုင်းဘတ်ငွေ ၂၂၈၅၀၀ တန်ဖိုးရှိ Mask ၁ သိန်း၊ PPE ဝတ်စုံ ၅၀၀၊ လက်အိတ်ဘူး ၁၀၀၊ တာချီလိတ်မြို့ မီးလင်းရေးကော်မတီက ဝမ်လုံးကိုဗစ်စင်တာ တည်ဆောက်ရန်အတွက် ထိုင်းဘတ်ငွေ ၂ သိန်း၊ မယ်ခေါင်ရပ်ကွက်ရှိ စေတနာအလှူရှင်များက ထိုင်းဘတ်ငွေ ၂၂၀၀၀၊ ကြီးမြတ်သော ရွှေမြင်းဆောက်လုပ်ရေးကုမ္ပဏီက ဝမ်လုံးကိုဗစ်စင်တာတွင် ရေပိုက်လိုင်းစနစ် တည်ဆောက်ရန်အတွက် ထိုင်းဘတ်ငွေ ၁ သိန်းနှင့် အိပ်မက်ရွာဆောက်လုပ်ရေးကုမ္ပဏီက ထိုင်းဘတ်ငွေ ၁ သိန်းတို့ကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဗိုလ်မှူးချုပ် ထွန်းသန်း(အငြိမ်းစား) မိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ အလုပ်သင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) မှ ကျောင်းဆင်းအရာရှိများက အလှူငွေကျပ် ၅ သိန်းနှင့် ဦးမြတ်မင်းဇော် မိသားစုက Oxygen Flow Meter သုံးခု တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ငွေကျပ်သိန်း ၃၀၀၀ ကျော်ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့် တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တပ်ဆင်ထားသော အောက်ဆီဂျင် ထုတ်လုပ်နေမှု၊ အောက်ဆီဂျင်ဖြန့်ဖြူးပေးနေမှုများနှင့် ကျောက်တန်းစက်ရုံစုရှိ သံလွင်အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၂) ရပ်ကွက် ကမ်းနားလမ်းရှိ အောက်ဆီဂျင်စက်ရုံနှင့် မြောင်းမြမြို့ မြကန်သာရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေသည့် အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လားရှိုးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ကူညီပါဝင်ဆောင်ရွက်နေသော ပရဟိတအဖွဲ့များနှင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ နှာခေါင်းတို့ဖက် စစ်ဆေးသောအသင်း(Swab Team) တို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်နိုင်နိုင်ဦးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ပြည်ထောင်စုနယ်မြေနေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများနှင့် ထိစပ်သည့်သူများကို နေပြည်တော်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လည်းကောင်း နှာခေါင်းတို့ဖတ်ယူ၍ အခမဲ့စစ်ဆေးပေးလျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ သံသယလက္ခဏာသာသာမန်ရှိသူများ (ဖျားနာခြင်း၊ အနံ့ပျောက်ခြင်း) အတွက် ကိုမူ လယ်ဝေးမြို့နယ် ပြည်သူ့အားကစားကွင်း၌ နံနက် ၇ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတစ်ကြိမ်၊ နေ့စဉ် လူဦးရေ ၁၀၀ ကို နှာခေါင်းတို့ဖတ်ယူ၍ စစ်ဆေးပေးလျက်ရှိကာ ဖုန်းနံပါတ် ၀၉- ၈၈၀၈၃၇၃၅၃ နှင့် ၀၉- ၈၈၅၃၇၄၈၆၅ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း နေပြည်တော်ကုသရေးဦးစီးဌာနက အများပြည်သူအား အသိပေးကြေညာထားကြောင်း သိရသည်။

ထို့ပြင် အရေးပေါ်လူနာများကို ပျဉ်းမနားမြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၂၀၀)၊ လယ်ဝေးမြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)နှင့် တပ်ကုန်းမြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)တို့တွင် ၂၄ နာရီ လက်ခံကုသပေးလျက်ရှိသည်။

ဇမ္ဗူသီရိမြို့နယ် ကုသရေးဦးစီးဌာန အရေးပေါ်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒေါ်တင်မျိုးလွင်က "မိမိကိုယ်မိမိ အနံ့ပျောက်နေပြီ၊ ဖျားနေပြီလို့သိရရင် ဇမ္ဗူသီရိမြို့နယ်အတွင်းနေတဲ့သူဖြစ်ရင် ဇမ္ဗူသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံကို လာရောက်စစ်ဆေးမှုခံယူနိုင်ပါတယ်။ ဒ့ါအပြင် ဒီလူနာကို စစ်ဆေးပေးပါဆိုပြီးတော့ လယ်ဝေးအားကစားကွင်းနဲ့ ပေါင်းလောင်းအားကစားကွင်းတို့ကို ထပ်လွှဲပို့ပေးပါတယ်။ အဲဒီမှာ အခမဲ့စစ်ဆေးပေးပါတယ်။ လယ်ဝေးအားကစားကွင်း၊ ပျဉ်းမနား (ပေါင်းလောင်းအားကစားကွင်း)နဲ့ နယူးရောဟိုတယ်ကနေပြီး စစ်ဆေးလို့ ပိုးတွေ့တယ်ဆိုရင်၊ သူ့မှာရောဂါအခြေခံလည်းရှိတယ်ဆိုရင် လိုအပ်သလို ဆေးရုံရှိတဲ့ ကွာရတင်းစင်တာတွေမှာ ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ အဆင်သင့်ထားရှိတဲ့အတွက် အရေးပေါ်လာပြီဆိုရင်လည်း သက်ဆိုင်ရာဆေးရုံတစ်ခုကို လွှဲပေးပါတယ်"ဟု ပြောသည်။

နေပြည်တော်တွင် သက်ဆိုင်ရာဆေးရုံများနှင့် ဆက်သွယ်သတင်းပို့ရမည့်သူများ၏ ဖုန်းနံပါတ်များမှာ ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ဆေးရုံ ၀၆၇-၂၂၃၀၉၊ လယ်ဝေးခုတင် (၁၀၀)ဆံ့ ဆေးရုံ ၀၆၇- ၃၄၁၉၀၈၆၊ တပ်ကုန်းခုတင် (၁၀၀) ဆံ့ဆေးရုံ ၀၆၇-၈၀၇၁၀၈၁၊ ဇမ္ဗူသီရိမြို့နယ် ၀၉-၂၅၄၂၈၄၄၅၉၊ ဒက္ခိဏသီရိမြို့နယ် ၀၉-၇၇၁၁၉၁၈၇၅၊ ဇေယျာသီရိမြို့နယ် ၀၉-၆၇၇၇၁၄၆၆၇၊ ပုဗ္ဗသီရိမြို့နယ် ၀၉-၇၉၆၃၃၈၃၇၃နှင့် ဥတ္တရသီရိမြို့နယ် ၀၉-၆၈၃၂၈၆၇၆၄ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကိုပေါက်(ဥတ္တရမြေ)

## ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ PPE ဝတ်စုံဝတ်ဆင်ထားသည့် အကြမ်းဖက်သမားနှစ်ဦးက လုပ်ကြံပစ်ခတ်မှုကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသူ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၅

**အကြမ်းဖက်အစွန်းရောက်သမားများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် ကပ်ရောဂါ ဖြစ်ပွားနေမှုအပေါ် မျက်ကွယ်ပြု၍ ရောဂါထိန်းချုပ်နိုင်ရေး ကူညီဆောင်ရွက်လျက်ရှိသည့်နေရာများကို ဦးတည်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။**

ထို့ပြင် လတ်တလော ကျန်းမာရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စိတ်စေတနာပြည့်ဝစွာဖြင့် အနစ်နာခံပေးဆပ်လုပ်ကိုင်လျက်ရှိသော စေတနာ့ဝန်ထမ်းအဖြစ် အယောင်ဆောင်၍ PPE ဝတ်စုံဝတ်ဆင်ပြီး အပြစ်မဲ့ပြည်သူများအနီးချဉ်းကပ်ကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုများကိုပါ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်း အမှတ်(၃၁)နေ ဦးစန်းလင်း (၅၃နှစ်) (ဘ) ဦးလှရွှေနှင့် ဇနီးဖြစ်သူ ဒေါ်သီတာတို့သည် နေအိမ်အရှေ့၌ အိမ်ဆိုင်ဖွင့်လှစ်၍ ဈေးရောင်းချနေစဉ် PPE ဝတ်စုံဝတ်ဆင်ကာ စေတနာ့ဝန်ထမ်း အယောင်ဆောင်ထားသည့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်အတွင်းသို့ အအေးလာရောက်ဝယ်ယူဟန်ဖြင့် ချဉ်းကပ်ဝင်ရောက်လာသဖြင့် အအေးရောင်းချပေးနေစဉ် အဆိုပါ အကြမ်းဖက်သူနှစ်ဦးက ၎င်းတို့ထံတွင် အသင့်ပါလာသော သေနတ်ဖြင့်ပစ်ခတ်ကာ ထွက်ပြေးသွားခဲ့သဖြင့် ဦးစန်းလင်း၏ ဝဲဘက်ရင်အုံတွင် ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ယာလက်မောင်းကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲပေါင်ကျည်ထိမှန်ဒဏ်ရာတစ်ချက်၊ ဒေါ်သီတာတွင် ဝဲလက်ဖျံကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲရင်အုံကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်တို့ အသီးသီးရရှိခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တပ်မတော်ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုပေးနေစဉ်ဦးစန်းလင်းမှာ ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။



ဦးစန်းလင်း (သေဆုံး)



ဒေါ်သီတာ (ဒဏ်ရာရ)

ထိုသို့ ဝတ်စုံဝတ်ဆင်၍ အကြမ်းဖက်သတ်ဖြတ်မှုကို ပြုလုပ်ခဲ့မှုကြောင့် စိတ်စေတနာပြည့်ဝစွာဖြင့် ကူညီဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်းများအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေနိုင်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အစွန်းရောက်အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အသေးစိတ်ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးလိပ်သောက်သုံးမှုနှင့် ကိုဗစ်-၁၉ အန္တရာယ်

ပေါက်ပေါက်



> "လေ့လာမှုမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် လူဦးရေခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာ သေဆုံးနေရပြီး ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူမိသူ (second smoker) မှာ ၁၀ ရာခိုင်နှုန်း (လူဦးရေခြောက်သိန်း)ခန့် သေဆုံးနေကြရသည်"

### ဆေးရွက်ပင်ရာဇဝင်

ဆေးရွက်ကို တောင်အမေရိကတိုက်တွင် ဘီစီ ၆၀၀၀ ခန့်က စတင်စိုက်ပျိုးပြီး ဆေးရွက်အသုံးပြုခြင်းကို ဘီစီ ၅၀၀၀ ခန့်တွင် စသုံးလာကြသည်။ ဥရောပတိုက်တွင် ခရစ္စတိုဖာကိုလံဘတ်စ်က တောင်အမေရိကတိုက်နှင့် ဆေးရွက်ပင်တို့ကို အေဒီ ၁၅ ရာစုတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ဦးစွာပထမ ဆေးရွက်ပင်စိုက်ပျိုးခြင်းကို အေဒီ ၁၅၃၁ တွင် စတင်စိုက်ပျိုးခဲ့သည်။ ကမ္ဘာပေါ်တွင် ပထမဦးဆုံး ဆေးလိပ်သောက်သူမှာ ပြင်သစ်နိုင်ငံသား Jean Nicot ဖြစ်ပြီး ထိုကာလမှာ အေဒီ ၁၅၆၀ ပြည့်နှစ်ဖြစ်ကြောင်း သိရသည်။ သူ့အမည်ကို အစွဲပြု၍ ဆေးလိပ်ငွေ့ထဲတွင် လူကိုစွဲလမ်းစေတတ်သော Adict (ခေါ်) ပါဝင်ဓာတ်ပစ္စည်းတစ်မျိုးကို "Nicotine" ဟု အမည်ပေးခဲ့ကြသည်။

### ဆေးလိပ်၏ဆိုးကျိုးများ

ဆေးလိပ်ငွေ့ထဲတွင် ဆေးလိပ်ကို စွဲလမ်းစေနိုင်သော နီကိုတင်းအပြင် အခြားဓာတ်ပစ္စည်း ၇၀၀၀ ခန့်ပါရှိသည်။ ထိုပါဝင်ဓာတ်ပစ္စည်းအချို့က အသက်ရှူလမ်းကြောင်း (လေပြွန်ချောင်းများ)၊ Cilia ( ခေါ် ) အသက်ရှူလမ်းကြောင်းတစ်လျှောက် မလိုလားအပ်သည်များကို ရှင်းလင်းဖယ်ရှားပေးသည့် အမွေးအမှင်များ၊ Alveoli (ခေါ်) လေကို ခေတ္တာသိုလှောင်ပေးသည့် လေအိတ်ငယ်လေးများ၊ အဆုတ်ထဲရှိ Macrophage သွေးဥများကို ပျက်စီးစေခြင်း၊ ၎င်းတို့၏လုပ်ငန်းကို ဟန့်တားနှောင့်ယှက်ခြင်းတို့ကြောင့် အဆုတ်အတွင်း ရောဂါပိုးဝင်ခြင်း၊ တီဘီရောဂါ အပါအဝင် ပန်းနာရင်ကျပ်ဖြစ်စေခြင်း၊ နာတာရှည် လေပြွန်ချောင်းရောင်ခြင်း၊ အဆုတ်လေအိတ်လေးများ ပျက်စီးပြီး အဆုတ်ပွဖောင်းလာခြင်းကြောင့် နာတာရှည် အသက်ရှူလမ်းကြောင်း ပိတ်/ကျဉ်း ရောဂါဖြစ်ခြင်းနှင့် ၆၉ မျိုးသော ဓာတ်ပစ္စည်းများကြောင့် အဆုတ်ကင်ဆာ အပါအဝင် ကင်ဆာရောဂါများဖြစ်ခြင်း စသည့်ဆိုးကျိုးတွေ ပေးနိုင်သည်။

### အီးစီးကရက်၏ ဘေးထွက်ဆိုးကျိုးများ

ဆေးလိပ်ဖြတ်ချင်သူများ၊ ဆေးရွက်ကြီးနှင့် ဖန်တီးထားသော ဆေးလိပ်မသောက်ချင်သူများကို ရည်ရွယ်ကာ အီးစီးကရက် (E-cigarette) သည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကစ၍ ဈေးကွက်အတွင်း နေရာယူခဲ့သည်။ ၎င်းစီးကရက်ကို တခြားနိုင်ငံများတွင် Vaporizer ဟု လူသိများသည်။ ဘက်ထရီအားကိုသုံးပြီး နီကိုတင်း၊ အမွှေးရနံ့နှင့် ပါဝင်ဆေးရည်တွေကို အငွေ့(ဆေးလိပ်မီးခိုး)အဖြစ် ရှူရှိုက်ခြင်းဖြစ်သည်။ ဦးနှောက်အတွင်း စွဲလမ်းမှုဟော်မုန်း Dopamine ကို အီးစီးကရက်က ထုတ်လွှတ်ပေးပြီး စွဲလမ်းသောခံစားမှုဖြစ်စေသည်။ ထို့ကြောင့် ဆေးလိပ်ကဲ့သို့ပင် စွဲလမ်းဟော်မုန်းထုတ်လုပ်မှု တူညီပြီး အီးစီးကရက်သုံးခြင်းကြောင့် ခေါင်းကိုက်၊ အော့အန်၊ မူးဝေ၊ စိတ်ဂနာမငြိမ်ဖြစ်စေခြင်း၊ မျက်လုံးနှင့် အသက်ရှူလမ်းကြောင်း အားနည်းစေခြင်း၊ နှလုံးနှင့် သရက်ရွက်တို့ကို ထိခိုက်ခြင်းများအပြင် ကင်ဆာရောဂါများလည်း ဖြစ်စေနိုင်သည်။ အီးစီးကရက်ထဲရှိ Lithiumion အသေးစားဘက်ထရီကို ဗို့အားအချိန်ကြာကြာ သွင်းမိခြင်းနှင့် ဆေးလိပ်ထဲ အပူများများ သောက်မိခြင်းများကြောင့်လည်း ပေါက်ကွဲမှုဖြစ်စေသည်။

### ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဆေးလိပ်ကို စွဲလမ်းစွာသောက်ခြင်းက ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်နှင့် သက်လတ်ပိုင်းအရွယ်ကတည်းကစ၍ ဆေးလိပ်သောက်သုံးသူများသည် ဆေးလိပ် (လုံးဝ) မသောက်သူထက် အသက် ၂၄ နှစ် ပိုတိုနိုင်ကြောင်း၊ ဆေးလိပ်ငွေ့သည် ကာဗွန်မိုနောက်ဆိုက်ဖြစ်ပြီး ၎င်းသည် အဆိပ်ငွေ့ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေသည် တစ်နှစ်လျှင် လေးသန်းကျော်ခန့်ရှိကြောင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကလည်း ဆေးလိပ်ကိုယ်တိုင် သောက်သကဲ့သို့ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း စသည့် ဆိုးကျိုးများကြောင့် ကျန်းမာရေးသုတေသီများက မကြာခဏဆိုသလို အသိပညာပေး နှိုးဆော်လျက်ရှိသည်။ ယနေ့ကမ္ဘာတွင် ခြောက်စက္ကန့်တိုင်းမှာ လူတစ်ဦးနှုန်း ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် သေဆုံးနေကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျှော့ကျရန် အခွန်တိုးမြှင့်ခြင်းနှင့်အတူ အသိပညာပေးလုပ်ငန်းများကိုလည်း မီဒီယာဘက်ပေါင်းစုံဖြင့် နှိုးဆော်မှုများ ပြုလုပ်နေကြသည်။

### ဆေးလိပ်နှင့် တီဘီ

ကမ္ဘာ့တီဘီရောဂါဖြစ်သူများ၏ ၄၅-၈၅ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများဖြစ်ပြီး ဆေးလိပ်သောက်သူများသည် မသောက်သူများထက် တီဘီရောဂါဖြစ်နိုင်ခြေအလားအလာ ၂ ဒသမ ၆ ဆ မြင့်မားခြင်း၊ ဆေးလိပ်ကြောင့် လူများတွင် တီဘီကူးစက်မှု၊ ရောဂါဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုမြင့်မားခြင်းတို့ ရင်ဆိုင်နေကြရသည်။

### ဆေးလိပ်ငွေ့ရှူမိခြင်း

ဆေးလိပ်ကိုယ်တိုင် မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူကို second hand smoke (second smoker) ဟု ခေါ်သည်။ အိမ်သာ(Toilet) ထဲတွင်လည်းကောင်း၊ အိမ်ခန်းအတွင်းမှာသော်လည်းကောင်း ဆေးလိပ်သောက်သူတစ်ဦးရှိနေပါက ဆေးလိပ်ငွေ့သည် လေထဲတွင် ငါးနာရီခန့်ကြာသည်အထိ ပျံ့လွင့်နေတတ်သည်။ ထိုအငွေ့ကို ကျန်မိသားစုများက second smoker အဖြစ် ရှူရှိုက်ကြရသည်။ လေ့လာမှုမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် လူဦးရေ ခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာ သေဆုံးနေရပြီး ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူမိသူ (second smoker)မှာ ၁၀ ရာခိုင်နှုန်း (လူဦးရေခြောက်သိန်း)ခန့် သေဆုံးနေကြရသည်။ ထိုနှုန်းအတိုင်း ဆက်ဖြစ်နေပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်းတစ်ထောင် သေဆုံးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

### ကိုယ်ဝန်ဆောင်မိခင်နှင့် ဆေးလိပ်အန္တရာယ်

ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် second smoker အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏ ရှူရှိုက်မိ၍ဖြစ်စေ မိခင်ရော သန္ဓေသားပါ အောက်ပါ ဆိုးကျိုးများကို ခံစားရနိုင်သည်။ ကိုယ်ဝန်ပျက်ကျခြင်း (သို့မဟုတ်) သန္ဓေသားဘဝကပင် သေဆုံးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ မွေးစကလေး ပေါင်ချိန်မပြည့်ခြင်း၊ သန္ဓေသားဘဝကတည်းက အဆုတ်ကြီးထွားမှုနှင့် အဆုတ်၏လုပ်ငန်းများ နှေးကွေးကျဆင်းခြင်း၊ မီးတွင်းကာလ ကလေးတွင် အဆုတ်ပိုးဝင်ရောက်ခြင်း၊ အဆုတ်ရောင်ခြင်း၊ ရုတ်တရက် ကလေးသေဆုံးမှုရောဂါစု (Sudden Infant Death Syndrome – SIDS)နှင့် ကလေးသူငယ်ဘဝမှာ အဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါ မကြာခဏဖြစ်ခြင်း၊ မီးတွင်းကလေးသေဆုံးနှုန်းမှာ ဆေးလိပ်မသောက်သော မိခင်ထက် ၁၅ ရာခိုင်နှုန်း များနေခြင်း၊ လူသားဖြစ်လာပြီးနောက် ကလေးဘဝ၊ လူငယ်၊ လူကြီးဘဝမှစ၍ လူ့သက်တမ်းမှာလည်း ဆေးလိပ်လုံးဝမသောက်သူ မိခင်မှမွေးဖွားလာသောသူများထက် အသက် ၁၀ – ၁၈ နှစ် ပိုတိုခြင်း စသည့် ဆိုးကျိုးများစွာကို ရင်ဆိုင်ရနိုင်သည်။

နီကိုတင်းဓာတ်ဟာ လူကို စွဲလမ်းစေတတ်သော ဂုဏ်သတ္တိရှိပြီး စိတ်ကိုပါ ပြောင်းလဲစေတတ်သည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်း စွဲလမ်းမှုဟာ အရက်ကိုစွဲလမ်းမှုထက် ခြောက်ဆမှ ရှစ်ဆအထိပိုကြောင်း သိရသည်။ ဒါကြောင့်လည်း နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်သွားကြသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ခုခံအားကျအရေပြားရောဂါ၊ မျက်စိအတွင်းတိမ်စွဲရောဂါ၊ မျက်ဝန်းတစ်ဝိုက် အရေပြားတွန့်ခြင်း၊ မျက်စိနီခြင်း၊ နှုတ်ခမ်းမည်းခြင်း၊ သွားဝါခြင်း၊ ဆံပင်ကျွတ်ခြင်း၊ လက်ညှိုးနှင့် လက်ခလယ် အရောင်ပြောင်းသွားခြင်း၊ အကြားအာရုံချို့တဲ့ရောဂါ၊ သွားပိုးစား၊ သွားပုပ်ရောဂါနှင့် ခံတွင်းရနံ့ ဆိုးရွားခြင်း၊ အဆုတ်လေအိတ်များတွင် လေခိုပြီး အဆုတ်ပွအဆုတ်ပျက်ရောဂါ၊ အသက်ရှူမဝခြင်း၊ အရိုးပွ အရိုးပါးရောဂါနှင့် အရိုးကျိုးလွယ်ခြင်း၊ လေကြောင်းပိတ်ဆို့သော အဆုတ်ရောဂါ၊ သွေးကြောများကျုံ့၍ ကျဉ်းလာခြင်း၊ နှလုံးသွေးကြောရောဂါများနှင့် နှလုံးခုန်မမှန်ခြင်း၊ သွေးကြောငယ်များကျဉ်းသွားကာ ခြေပုပ်လက်ပုပ်ရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်မှ အစာခြေရည် အက်စစ် အထွက်များလာခြင်း၊ အမျိုးသားများ သုတ်ရည်မအောင်တော့ဘဲ သားသမီးမရနိုင်ခြင်း၊ အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားနိုင်ခြင်း၊ DNA ပျက်စီးစေခြင်း၊ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာနှင့် သားလျှောသားပျက်ခြင်း၊ လမစေ့ ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ ကလေးအသေမွေးခြင်းများ ဖြစ်စေနိုင်သည်။ ထို့ပြင် ဆေးလိပ်ထဲတွင် Carcinogen ဟုခေါ်သည့် ကင်ဆာဖြစ်စေတတ်သော ဓာတ်ပေါင်း ၄၃ မျိုး ပါဝင်နေခြင်းကြောင့် မေးရိုး၊ အဆုတ်၊ နှာခေါင်း၊ လည်ချောင်း၊ လေပြွန်၊ အသံအိုး၊ ခံတွင်း၊ အစာမျိုပြွန်၊ အူ၊ ရင်သား၊ ကျောက်ကပ်၊ ပန်ကရိယ၊ ဆီးအိတ် စသည့် ကင်ဆာများအပြင် အချို့သူများမှာ သွေးကင်ဆာဖြစ်လာစေနိုင်သည်။ ထို့မျှမက ဆေးလိပ်သောက်သူ၏ ရုပ်ရည်သည် ဆေးလိပ်လုံးဝမသောက်သူနှင့် နှိုင်းယှဉ်ပါက ပို၍အိုစာသွားကာ အသားအရေညစ်ထေးပြီး အရေပြား ဇရာကြိုရောဂါဖြစ်သည့် အရွယ်မတိုင်ခင် အရေးအကြောင်းတွေ ပေါ်လာစေနိုင်သည်။

လူတချို့က ဆေးလိပ်၏ ဆိုးပြစ်များကို သိနားလည်လာ၍ ဆေးလိပ်ဖြတ်ချင်သော်လည်း စိတ်ဆန္ဒပြင်းပြခြင်းကို ချိုးနှိမ်ရန် လွန်စွာခဲယဉ်းနေသဖြင့် အချို့သူများမှာ ခဏတာမျှသာ ဆေးလိပ်ပြတ်ကြပြီး အချို့ကလည်း လုံးဝဖြတ်မရဖြစ်နေကြသည်။ မည်သူမျှ မွေးကတည်းက ဆေးလိပ်မသောက်တတ်ကြပေ။ အဓိကအချက်မှာ ချိုးနှိမ်ရန် ခက်ခဲသောစိတ်ကို မိမိစိတ်ဖြင့်သာ အနိုင်ယူရမည်ဖြစ်၍ စိတ်ဓာတ်စစ်ဆင်ရေးကိုသုံးကာ အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် ကြိုးစားကြည့်စေလိုပါသည်။

### အချိန်ဆွဲပါ

ဆေးလိပ်သောက်ချင်စိတ် ဖြစ်လာသည့်အခါ၊ သောက်ချင်စိတ်ကို ချိုးနှိမ်ပြီး ၁၀ မိနစ်လောက် အောင့်ထားပါ။ ထို ၁၀ မိနစ်အတွင်း အာရုံပြောင်းသွားအောင် တစ်ခုခုကို စိတ်နှစ်ထားပါ။ ၁၀ မိနစ် ပြည့်သည့်အခါ "ဩော် ငါနေနိုင်သားပဲ" ဆိုပြီး စိတ်ကိုလျှော့၍ ဆေးလိပ်မသောက်ပါနှင့်။ နောက်ထပ် ၁၀ မိနစ် အချိန်ထပ်ဆွဲပါ။

### နောက်ထပ်တစ်လိပ်ထဲပါကွာ မလုပ်မိပါစေနဲ့

ဆေးလိပ်သောက်သည့်ပမာဏကို တဖြည်းဖြည်းချင်းလျှော့ပါ။ တစ်လိပ်သောက်ပြီးသောအခါ "နောက်ထပ်တစ်လိပ်ထဲပါကွာ" ဆိုပြီး မိမိကိုယ်ကို အလိုမလိုက်ပါနှင့်။ ဆေးလိပ်သောက်ဖော်သောက်ဖက် မိတ်ဆွေများက သင့်ကို ဆေးလိပ်ကမ်းလာခဲ့ပါလျှင်လည်း အားနာရှက်ရွံ့ခြင်းဖြစ်မနေဘဲ ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေပြီဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြပါ။

*စာမျက်နှာ ၂၁ သို့*

# လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆေးရုံကြီး၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်နှင့် အောက်ဆီဂျင်အိုးဝယ်ယူရန်အလှူငွေများပေးအပ်

**လှိုင်ကော် ဩဂုတ် ၅**

ကယားပြည်နယ် အစိုးရအဖွဲ့မှ လှိုင်ကော်မြို့ ခုတင်(၅၀၀) ဆေးရုံကြီး ကြီးကြပ်မှုကော်မတီသို့ အောက်ဆီဂျက်ထုတ်စက်နှစ်လုံး၊ လီတာ ၄၀ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀၊ စက်ရုံအဆောက်အအုံနှစ်လုံးနှင့် ခြံစည်းရိုးတံခါး ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်က ထောက်ပံ့လှူဒါန်းငွေ ပေးအပ်ရခြင်းအကြောင်း အမှာစကားပြောကြားပြီး ကယားပြည်နယ်အစိုးရအဖွဲ့က လှိုင်ကော်မြို့ ခုတင် (၅၀၀) ဆေးရုံကြီး ကြီးကြပ်မှုကော်မတီသို့ လှူဒါန်းငွေ စုစုပေါင်းကျပ်သိန်း ၂၅၉၃၇၁၉၀၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆေးရုံကြီး ကြီးကြပ်မှုကော်မတီက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ပြီး လှိုင်ကော်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်စန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်လူမှုရေးဝန်ကြီး ဦးထိန်ဝင်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ ကယားပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်နှင့် ဆေးရုံကြီးကြပ်မှု ကော်မတီများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



# ဒလမြို့နယ်၌ ကိုဗစ်- ၁၉ လူနာများအတွက် အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါပိုး တွေ့လူနာများနှင့် အရေးပေါ်လူနာများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယမန်နေ့က မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုးများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဗိုလ်မှူး မင်းအောင်၏ ချိတ်ဆက်ကြိုးပမ်းမှုဖြင့် တော်ဝင်ဒီပါကုမ္ပဏီက ပေးပို့လှူဒါန်းသည့် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၅၀ လုံး၊ Medical Regulator(Flow Meter) အခု ၅၀ ၊ Oxygen Pipe Mask အခု ၅၀ တို့ကို မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ပေးအပ်ရာ ကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

ဒလမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကိုဗစ်- ၁၉ ရောဂါ ကုသရေးစင်တာတွင် စောင့်ကြပ်ကြည့်ရှုခံနေရသော လူနာများနှင့် အောက်ဆီဂျင်လိုအပ်နေသော ပြည်သူများအတွက် အောက်ဆီဂျင်ရရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး အောက်ဆီဂျင် ရရှိမှုပေါ်မူတည်၍ ဒေသခံပြည်သူများအား ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အတူ ဒလမြို့နယ်၌ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး၊ ပိုးတွေ့လူနာများနှင့် အရေးပေါ်လူနာများအား အမြန်ဆုံး ကုစားပေးနိုင်ရန်အတွက် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတစ်ခုကို ဩဂုတ်လအတွင်း အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် စီစဉ်လျက်ရှိပြီး လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများ ရရှိစေရေးအတွက် တော်ဝင်ဒီပါကုမ္ပဏီက ဖြည့်ဆည်းလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော် (ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

### ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုထလုပ်လိုက်ပါဦး

ဆေးလိပ်သောက်ချိန်မှာ မသောက်ရ၍ စိတ်ထဲ တစ်ခုခုလိုနေသလို ခံစားရလေ့ရှိသည်။ ထိုအခါ ငြိမ်ထိုင်မနေဘဲ ခေတ္တခဏ ၁၅ မိနစ်လောက် လမ်းထလျှောက်ပါ (သို့မဟုတ်) အလုပ်တစ်ခုခု ရှာလုပ်နေပါ။

### လေ့ကျင့်ခန်းယူပါ

အသက်ပြင်းပြင်းရှူခြင်း၊ ကြွက်သားလေ့ကျင့်ခန်း၊ ယောဂ၊ အိပ်မွေ့ချခြင်း၊ အနှိပ်ခံခြင်း စသည်တို့က ဆေးလိပ်သောက်ချင်သောစိတ်ကို ပြေပျောက်သွားအောင် တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်သည်။

### ဆေးလိပ်ဖြတ်ခြင်း၏ ကျန်းမာရေးကောင်းကျိုးကို အမြဲသတိရနေပေးပါ

သင် ဆေးလိပ်သောက်တတ်အောင် မည်သူကမျှ သင်ပေးခြင်းမဟုတ်ပါ။ မိမိသာလျှင်ဆရာ၊ မိမိသာလျှင် တပည့်ပါ။ နှစ်ရှည်လများ ဆေးလိပ်စွဲနေခဲ့ပြီဖြစ်၍ ဆေးလိပ်ဖြတ်နေစဉ် စဦးပိုင်းကာလများမှာ ကသိကအောင့်၊ စိတ်အလိုမကျဖြစ်နေတတ်သည်။ သို့သော် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးဆိုးကျိုးများ၊ ငွေကို မီးရှို့နေခြင်း၊ မိမိပတ်ဝန်းကျင် လေထုညစ်ညမ်း၍ တစ်ဆင့်ခံ ဆေးလိပ်ရနံ့ ရှူရှိုက်နေသူများအတွက် ပရဟိတစိတ် စသည့် ကောင်းကျိုးအထွေထွေကို စဉ်းစားသုံးသပ်ပါ။






### ဘဝတူချင်းမိတ်ဖွဲ့ပါ

မိမိကဲ့သို့ပင် ဆေးလိပ်ဖြတ်သူများနှင့် မိတ်ဆွေဖွဲ့၍ သူတို့ရော ဘယ်လိုကြိုးစားနေသည်ကို နည်းနာယူပါ။ မိမိ၏ ကြိုးစားမှုကိုလည်း ထပ်ဆင့်မျှဝေပေးပါ။ ဆေးလိပ်လုံးဝပြတ်သွားပြီးသူများ၏ နည်းစနစ်များကို မေးမြန်းစူးစမ်းဖို့ ဝန်မလေးပါနှင့်။ ထိုသူများ၏ အတွေ့အကြုံများသည် သင့်အတွက် များစွာအထောက်အကူ ဖြစ်စေနိုင်သည်။



### နီကိုတင်းဓာတ် အစားထိုးမှီဝဲပါ

လက်ဖက်ခြောက်ခတ်ထားသော ရေနွေးပူပူ၊ ပူရှိန်းဓာတ်ပါသော ပီကေ (သို့မဟုတ်) သကြားလုံးများ၊ ပူရှိန်းငုံဆေးပြားတို့က ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်ကာ ခံတွင်းချဉ်ခြင်းမှလည်း သက်သာစေသည်။ နီကိုတင်း အစားထိုး ရှူဆေးတောင့်သုံးပါ။ ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုသည့် bupropion (Zyban)နှင့် varenicline (Chantix) စသော ဆေးဝါးများ မှီဝဲသောက်သုံးပါ။

### အာသာပြေ တစ်ခုခုစားပါ

စိတ်သက်သာရာရအောင် သကြား(အချို) ဓာတ်မပါသော ပီကေဝါးပါ။ ပဲကြီးလှော်၊ နေကြာစေ့လှော်စားပါ။

### မိမိကိုယ်ကိုယုံကြည်မှုရှိနေပါစေ

ဆေးလိပ်ဖြတ်လိုက်သည့်အတွက် အပိုငွေမကုန်တော့ဘဲ ၎င်းငွေကို စုဆောင်းနိုင်သလို အလှူဒါနပြုရာမှာ သုံးနိုင်သည်။ ဆေးလိပ်ဖြတ်လိုက်၍ အနံ့အာရုံနှင့် အရသာခံအာရုံများ ပို၍ ကောင်းသွားပါသည်။ သွား၊ နှုတ်ခမ်းများလည်း မည်း၍မနေတော့ဘဲ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးရနံ့ဆိုးတွေပါ ပျောက်ကင်းသွားစေနိုင်သည်။ အရေးကြီးသော အချက်ရှိပါသည်။ ၎င်းမှာ ဆေးလိပ်စွဲနေသော အကျင့်ကို လုံးဝဖြတ်နိုင်သဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုပိုရှိလာစေသည်။

"မူးယစ်အစ ဆေးလိပ်က"ဖြစ်၍ အထူးသဖြင့် လူငယ်လူရွယ်များ ဆေးလိပ်ကို အစလုပ်၍ပင် မသောက်သင့်ပေ။ ဆေးလိပ်သောက်သူ လူငယ်များ စာသင်ကြားမှုကို ထိခိုက်စေနိုင်ပြီး အမောမခံနိုင်၊ သက်လုံ ချို့ယွင်းလာစေနိုင်သဖြင့် လူကြီး၊ လူရွယ်၊ လူငယ်အားလုံး ဆေးလိပ်ဖြတ်သင့်သည်။ ဆေးလိပ်သောက်သူများတွင် အိပ်မရခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းများ ပိုမိုခံစားရနိုင်ပြီး ဆေးလိပ်တစ်လိပ်သောက်လျှင် ငါးမိနစ် အသက်တိုစေကာ ပျမ်းမျှသက်တမ်း အသက် ၁၀ နှစ် ပို၍ တိုတောင်းသွားစေနိုင်ကြောင်းကိုလည်း နိုင်ငံတကာသုတေသီများက သတိပေးထားကြသည်။ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရောဂါခံစားရမှုမှာ ဆေးလိပ်ဆက်သောက်နေသူထက် လျော့နည်းသွားကြောင်းနှင့် ဆေးလိပ်ဖြတ်ခြင်း ၁၀ နှစ်အကြာတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်း ကျဆင်းသွားပါကြောင်း အသိရှိစေလိုပါသည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးမှုများ ဖြစ်ပွားရာ၌ အများစုသည် အဆုတ်ပျက်စီးမှုကြောင့် ဖြစ်သည်။ အထူးသတိပေးလိုသည်မှာ ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုး၏ ဦးတည်ချက်သည် အဆုတ်ထဲရှိ လေအိတ်များကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ဆေးလိပ်၏ နီကိုတင်းဓာတ်ကအဆုတ်ကိုအမာရွတ်ဖြစ်စေသည်။

အကယ်၍ ဆေးလိပ်စွဲလမ်းသောက်သုံးသူမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက အမာရွတ်များ ရှိနေသော ထိုအဆုတ်ကို ဗိုင်းရပ်စ်ပိုးက အလွယ်တကူ ဖျက်ဆီးနိုင်ပါသည်။ သတိထားသင့်သည်မှာ ဆေးလိပ်သောက်သူသည် ဆေးလိပ်ကိုင်ထားသော မသန့်ရှင်းသည့် လက်နှင့် ပါးစပ်ကို အမြဲထိတွေ့နေခြင်းက ဗိုင်းရပ်စ်ပိုးများ အသက်ရှူလမ်းကြောင်း တစ်လျှောက် အလွယ်တကူဝင်လာရန် တံခါးဖွင့်ထားသလိုဖြစ်နေသည်။

ထို့ကြောင့် ဆေးလိပ် သောက်သုံးသူများမှာ ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုဖြစ်နိုင်ခြေ အန္တရာယ် ပိုများနေပါသည်။ သို့ပါ၍ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# ကျိုက်မရောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ကျိုက်မရော ဩဂုတ် ၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းအတွက် လိုအပ်သည့် အောက်ဆီဂျင်များ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းနှင့် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများပေးအပ်ခြင်းကို ယမန်နေ့က ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်၌ ပြုလုပ်သည်။ (ယာပုံ)



ကျိုက်မရောမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့မှ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် ၂၄ ပြည်အိတ် ၂၀၀၊ စားသုံးဆီ ၁၀ ပိဿာပုံး ၃၅ ပုံး၊ ရောဂါကာကွယ်ရေးဝတ်စုံများ၊ သောက်ရေသန့်များ၊ နှာခေါင်းစည်း၊ မျက်နှာအကာများကို ထောက်ပံ့ပေးသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက အထူးအလေးထား ဆောင်ရွက်နေကြပြီး ၎င်းတို့အတွက်လည်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရောမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှု၍ မွန်ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် သယ်ယူပို့ဆောင်ရေးအဖွဲ့များသို့ စားသောက်ဖွယ်ရာများ ထောက်ပံ့

**စစ်ကိုင်း ဩဂုတ် ၅**

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့သည် ဩဂုတ် ၄ ရက်က စစ်ကိုင်းတောင်ရိုးသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ သီတဂူအာယုဒါနဆေးရုံတွင် အသက် ၆၀ နှစ်နှင့်အထက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေကြသော သံဃာတော်၊ သီလရှင်များအား ဖူးမြော်ကြည်ညိုသည်။**




ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက် စည်းခုံကြီးဘုရားရှိ သာသနာ့ ဗိမာန်တော်ကြီးနှင့် မြို့တော်ခန်းမအတွင်း အသက် ၆၅ နှစ်နှင့်အထက် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေကြသည့် ရပ်ကွက်နေပြည်သူ အဘိုး၊ အဘွားများအား အားပေးကြည့်ရှုခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကိုလည်း အားပေးစကားများ ပြောကြားကာ ကာကွယ်ရေးသုံးပစ္စည်းများ လုံလောက်မှု ရှိ/ မရှိ တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နှစ်၇၀၀ အားကစားကွင်းရှိကိုဗစ်- ၁၉ ရောဂါသံသယလူနာ စောင့်ကြည့်ရေးနှင့် သယ်ယူပို့ဆောင်ရေးအဖွဲ့များသို့အောက်ဆီဂျင်ဘူး၊ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ (ယာပုံ)

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လုပ်ငန်း လမ်းညွှန်ချက်များမှာကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်က ခရိုင်အတွင်း ဒေသအချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက် များအပေါ် ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင် စစ်ကိုင်းမြို့နယ်အနေဖြင့် သံဃာတော်၊ သီလရှင်အပါး ၁၂၀၀ နှင့် ရပ်ကွက်နေပြည်သူ ၂၈၀၀ တို့ကို ဩဂုတ် ၃ ရက်နှင့် ၄ ရက် တို့တွင် ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

# ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ဌေး မြို့တော် သန့်ရှင်းသာယာလှပရေး ရေစီးရေလာ ကောင်းမွန်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူ များသည် ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် မာဃလမ်းရှိ ကျိုက္ကဆံချောင်းကူးတံတား (မာဃ) ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး Coronavirus Disease –2019 ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ထုတ်ဝေသည့် “ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်မှုမှ ကာကွယ်ရန် မပျက်မကွက် လုပ်ဆောင်ရမည့်အချက်များ” ခေါင်းစဉ်ပါ ပညာပေးဗီွနိုင်းပိုစတာနှင့် “စိုးရိမ်စိတ်တွေလွန်ကဲပြီး လုပ်ရင် ကောင်းကျိုးထက်ဆိုးကျိုး ဖြစ်ဖို့များ” ခေါင်းစဉ်ဖြင့် တွေ့ဆုံမေးမြန်းခန်း ဆောင်းပါး ပညာပေးဗီွနိုင်းပိုစတာများကို အရှေ့ပိုင်းခရိုင်အတွင်း လူစည်ကားရာနေရာများတွင် အသိပညာပေးစိုက်ထူသွားနိုင်ရန် ဗီွနိုင်းပိုစတာများ၊ နှာခေါင်းစည်း (Mask) များကို အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ သည် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ၁၂/၂ မာဃအိမ်ရာဝင်းအတွင်း ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်း များကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်၊ သုဝဏ္ဏလေ့ကျင့်ရေး ဂေါက်ကွင်း(အား/ကာ)နှင့် သဃၤန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြက်ခင်းတု အားကစားကွင်းအကြား ဖြတ်သန်းစီးဆင်းသည့် ခုနှစ်ပင်လိန်ချောင်းအတွင်း (၂၁)တန် Long Arm Excavator စက်ယန္တရားဖြင့် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ရေတာရှည်လမ်းဟောင်း လမ်းဘေးရေနုတ်မြောင်းအတွင်းရှိ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သိရသည်။

**သတင်းစဉ်**



# တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်စားနပ်ရိက္ခာများ လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရေဖြူကျေးရွာ ရွှေကမ္ဘောဇ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ မြို့နယ်အတွင်း မြစ်ရေကြီးမှုဖြစ်စဉ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်နှင့် အခြားစားနပ်ရိက္ခာများကို ယမန်နေ့က လာရောက်လှူဒါန်းသည်။

မြို့နယ်မီးသတ်ဦးစီးဌာနတွင် ဖွင့်လှစ်ထားသော ရေဘေးသင့်ပြည်သူများ ယာယီကွပ်ကဲရေးဌာနရုံးသို့ ရွှေကမ္ဘောဇ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ(ကိုယ်စား) ယင်းကုမ္ပဏီမှ မန်နေဂျာ ဦးကျော်နိုင်နှင့် ဝန်ထမ်းများက ၁၂ ပြည်ဝင်ဆန် အိတ် ၂၀၀၊ တစ်လီတာဝင်ဆီဘူး ၄၀၀၊ ကြက်ဥ ၂၀၀၀၊ မာမားခေါက်ဆွဲ အထုပ် ၁၀၀၀၊ ဆားထုပ် ၂၀၀၊ ငါးသေတ္တာဘူး ၆၀၀၊ ဖယောင်းတိုင် အထုပ် ၂၀၀ စသည့် စားနပ်ရိက္ခာ ခုနစ်မျိုးကို လှူဒါန်းပေးအပ်ရာ မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့ မှူး ယာယီရဲမှူးနေဝင်းနှင့် မြို့နယ်ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဝင်များက လက်ခံယူကြသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ကျော်ခေါင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ ရွှေကမ္ဘောဇ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှမန်နေဂျာဦးကျော်နိုင်က လက်ခံယူသည်။ အဆိုပါ ဆန်နှင့်စားနပ်ရိက္ခာပစ္စည်းများအား ရပ်ကွက်/ကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**
(ပြန်ဆက်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် ဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆက်လက်ထိုးနှံပေး

**ကျောက်ဖြူ ဩဂုတ် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဩဂုတ် ၅ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ စန္ဒကူးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆက်လက် ထိုးနှံပေးလျက်ရှိသည်။ **(ဓာတ်ပုံ)**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ဆေးထိုးနှံရန် ရောက်ရှိလာကြသည့် ဘိုး၊ ဘွားများအား သတ်မှတ်နေရာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်း ကောက်ယူခြင်း၊ စေတနာ့ဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုယ်ပူချိန်တိုင်းပေးခြင်း၊ အောက်ဆီဂျင် တိုင်းပေးခြင်းနှင့် သွေးပေါင်ချိန် တိုင်းပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေ ရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိပြီး ယင်းကာကွယ်ဆေးအမျိုးအစားမှာ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းဆေးအမျိုးအစား ဖြစ်သည်။

ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသည့် ကျန်းမာရေးဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဂ္ဂလိကစေတနာ့ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ပြည်သူများကို ဦးစားပေးအလိုက် ထိုးနှံပေးလျက်ရှိပြီး ဩဂုတ် ၁ ရက်တွင် ၃၇၄ ဦးအားလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ၅၅၆ အား လည်းကောင်း၊ ဩဂုတ် ၃ ရက်တွင် ၃၈၀ အားလည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် ၁၃၄ ဦးအားလည်းကောင်း ထိုးနှံပေးထားပြီးဖြစ်ကာ ဩဂုတ် ၅ ရက်တွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မြို့နယ်အချို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိ

## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စုနှင့် တောင်ပေါ်ဒေသ ယင်းမာပင်ကျေးရွာအုပ်စုရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ဩဂုတ် ၅ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက် ရှိသည်။

ထိုသို့ ထိုးနှံပေးရာတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ လှိုင်းတက်ကျေးရွာအုပ်စုရှိ ကျေးရွာ ရှစ်ရွာမှ ပြည်သူများအား မယ်ဇလီကန် အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ ယင်းမာပင်ကျေးရွာအုပ်စုရှိကျေးရွာ ငါးရွာမှ ဆေးထိုးမည့်သူများအား ယင်းမာပင် အခြေခံပညာအထက်တန်းကျောင်း တွင်လည်းကောင်း ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးများ ထိုးနှံပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့်သူများကို ယနေ့နံနက်ပိုင်းတွင် စလင်းမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက် ရှိသည်။

စလင်းမြို့နယ်အတွင်း သံဃာတော် ၅၃ ပါး၊ သီလရှင် ၂၄ ပါးနှင့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ပရဟိတဆောင်ရွက်နေသူ ၂၃ ဦးတို့အား မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။ စလင်းမြို့နယ်တွင် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ လူဦးရေ ၂၂၈၆ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## လေရှီး

နာဂဒေသလေရှီးမြို့တွင် မြို့နယ် ကိုဗစ်ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ(၂) အစည်းအဝေးခန်းမ၌ စတုတ္ထအကြိမ်မြောက် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေး စတင်ထိုးနှံချိန်တွင် ကာကွယ်ဆေးထိုးနှံသူပေါင်း ၁၂၅ ဦးရှိပြီဖြစ်ကြောင်းနှင့် ယခုစတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံမှုကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဆက်လက်ထိုးနှံမည်ဖြစ်ကြောင်း သိရသည်။

**စံကျော်ဦး(လေရှီး)**

# ကိုဗစ်- ၁၉ တတိယလှိုင်းကို အကောင်းဆုံးထိန်းချုပ်နိုင်ရေး ကြိုးစားနေတဲ့ ထိုင်းနိုင်ငံ

--- *လင်းဟန်သစ်* ---

ထိုင်းနိုင်ငံတစ်ဝန်း ဒယ်လ်တာကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ် လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိရာ လွန်ခဲ့တဲ့ ၂၄ နာရီက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၇၈ ဦး ထပ်တိုးလာတဲ့အတွက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၈၅၇ ဦးအထိ ရောက်ရှိလာပါတယ်။ အလားတူ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၉၁၂ ဦး တိုးလာတဲ့အတွက် တစ်နေ့တည်းကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူအမြင့်ဆုံး စံချိန်တင်ခဲ့ပါတယ်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ပေါင်းဟာလည်း ခြောက်သိန်းနီးပါး ရောက်ရှိလာပါတယ်။

### ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုတွေတိုးနေ

ဒီလိုအချိန်မှာ ထိုင်းဒုတိယဝန်ကြီးချုပ် အနူတင်ချာနာဗီရာကူလ်က တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ကပ်ရောဂါကို တိုက်ဖျက်ရာမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိတယ်လို့ ပြောကြားလိုက်သလို ဒီအခြေအနေမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အချင်းချင်းအပြန်အလှန် ဆက်လက်ထောက်ပံ့ဖို့ကိုလည်း ပြောကြားလိုက်ပါတယ်။

လတ်တလောထိုင်းနိုင်ငံမှာ ဒယ်လ်တာကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုတွေမြင့်နေသလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာလည်း တိုးနေပါတယ်။ အနူတင်က ကိုဗစ်-၁၉ တိုက်ဖျက်ဆောင်ရွက်မှုအပေါ် တရုတ်နိုင်ငံရဲ့ ကူညီပေးမှုအပေါ်လည်း ကျေးဇူးတင်ကြောင်း ဖော်ပြ ပြောကြားခဲ့ပါတယ်။

### ကာကွယ်ဆေးကူညီမှုကို အများကြီးလက်ခံခဲ့

တရုတ်အစိုးရဟာ မိမိတို့နိုင်ငံကို အများဆုံး ကူညီထောက်ပံ့ပေးခဲ့ကြောင်းနဲ့ မိမိတို့တွေလည်း တရုတ်နိုင်ငံရဲ့ ကူညီမှုတွေကို အများကြီး လက်ခံရရှိခဲ့တယ်လို့ အနူတင်က ဆက်လက်ပြောကြားခဲ့ပါတယ်။

ထိုင်းပြည်သူများအနေနဲ့ တရုတ်နိုင်ငံသားများနဲ့ သူတို့ကြား ညီရင်းအစ်ကိုစိတ်ဓာတ်ကို အံ့သြစရာကောင်းလောက်အောင် အမြဲ အောက်မေ့သတိရနေမှာဖြစ်တယ်လို့ အနူတင်က ဆက်လက် ပြောကြားခဲ့ပါတယ်။

တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ကောင်းမွန်တဲ့ ဆက်ဆံရေးရှိတဲ့အတွက် မိမိတို့တွေဟာ အချင်းချင်းအကောင်းဆုံး ဆက်လက်ကူညီကြမှာဖြစ်ကြောင်း၊ ဒါဟာ အဆုံးသတ်သွားမှာမဟုတ်ဘူးလို့ ထိုင်းနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးဝန်ကြီးလည်းဖြစ်သူ အနူတင်က ဆက်လက် ပြောပါတယ်။

### ဆီနိုဗက်ဟာ အဓိကကာကွယ်ဆေးဖြစ်လာ

တရုတ်နိုင်ငံရဲ့ ဆီနိုဗက်ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ထိုင်းနိုင်ငံကို ပထမဆုံးရောက်ရှိလာတဲ့ ကာကွယ်ဆေးဖြစ်သလို အဲဒီကာကွယ်ဆေးကို အနူတင်က ပထမအကြိမ် ထိုးနှံနိုင်ခဲ့ပါတယ်။ ဆီနိုဗက်ကိုဗစ်- ၁၉ ကာကွယ်ဆေးဟာ ထိုင်းနိုင်ငံအတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးစတင်ထိုးတဲ့နေရာမှာ အများကြီး အထောက်အပံ့ဖြစ်ခဲ့ပါတယ်။ ထိုင်းပြည်သူတွေကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးတဲ့နေရာမှာ အဓိကကာကွယ်ဆေးလည်း ဖြစ်ခဲ့ပါတယ်။



ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနေမှုကို တွေ့ရစဉ်။

၂၀၂၁ ခုနှစ်ကုန်မှာ လူဦးရေအတော်များများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးမှာ ဖြစ်ပါတယ်။

### ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်နဲ့ဖြန့်ချိဖို့လို

ထိုင်းနိုင်ငံဟာ ကိုဗစ်- ၁၉ လှိုင်းဂယက်ကို အဆိုးဆုံး ရင်ဆိုင်ခံစားနေရတဲ့ နိုင်ငံဖြစ်တဲ့အတွက် သူ့ရဲ့ ဆေးဘက်ဆိုင်ရာစနစ်ဟာလည်း မနိုင်ဝန်ထမ်းနေရသလိုဖြစ်ပါတယ်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့ဆိုရင် ထိုင်းနိုင်ငံဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်နဲ့ ဖြန့်ချိနိုင်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံကို ကိုဗစ်- ၁၉ ကာကွယ်ဆေးအသုတ်ပေါင်း ၁၉ သုတ် ပေးပို့ပြီး ဖြစ်ပါတယ်။ လတ်တလော ကိုဗစ်- ၁၉ အခြေအနေဆိုးရွားနေသည့်တိုင် ထိုင်းနိုင်ငံအနေနဲ့ လမ်းဖွင့်ထားတဲ့ အစီအစဉ်ရှိနေသေးတယ်လို့ အနူတင်က ပြောပါတယ်။

### နိုင်ငံခြားခရီးသွားတွေကို ပိုမိုကြိုဆိုသွားမယ်

ကိုဗစ်- ၁၉ အခြေအနေဟာ လာမယ့်လ အနည်းငယ်အတွင်းမှာ ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထိုင်းနိုင်ငံဟာ တရုတ်နိုင်ငံက နိုင်ငံခြားခရီးသွားတွေကို ခါတိုင်းထက် ပိုမိုကြိုဆိုသွားမှာဖြစ်တယ်လို့ ပြောပါတယ်။

နိုင်ငံခြားခရီးသွားတွေကို မှီခိုနေရတဲ့ထိုင်းနိုင်ငံရဲ့ နိုင်ငံခြားခရီးသွားကဏ္ဍကို ပြန်လည်တိုးတက်အောင် ဖော်ဆောင်သွားမှာဖြစ်ပြီး ခရီးသွားကဏ္ဍကို ပြန်လည်အသက်သွင်းသွားမယ်လို့ သူက ပြောပါတယ်။

ထိုင်းနိုင်ငံဟာ ဒီနှစ်နောက်ပိုင်းမှာ ကာကွယ်ဆေး အပြည့်အဝထိုးထားတဲ့ နိုင်ငံခြားသားခရီးသွားတွေကို အပြည့်အဝ လမ်းဖွင့်ပေးသွားဖို့လည်း စီစဉ်ထားပါတယ်။

### ကြောက်စရာကောင်းပါတယ်

ကိုဗစ်- ၁၉ စီမံခန့်ခွဲရေးစင်တာကတော့ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ သတိပေးချက်ကို အတည်ပြုခဲ့ပါတယ်။ နိုင်ငံတစ်ဝန်း ဒယ်လ်တာကိုဗစ်- ၁၉ အသွင်ပြောင်းမျိုးစိတ်သစ်လွှမ်းမိုးဖြစ်ပေါ်လာတာ ကြောက်စရာကောင်းပါတယ်။

ဒယ်လ်တာကိုဗစ်- ၁၉ အသွင်ပြောင်းမျိုးစိတ်သစ်ကို ပထမဆုံး အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိခဲ့ပါတယ်။ ဒယ်လ်တာအသွင်ပြောင်း မျိုးစိတ်သစ်ဟာ တခြား ကိုဗစ်- ၁၉ ဗိုင်းရပ်စ်တွေထက် ပိုမို ကြောက်စရာကောင်းပြီး ပိုမိုကူးစက်မြန်ပါတယ်။

ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေရဲ့ ၅၂ ရာခိုင်နှုန်းလောက်ဟာ ဒီမျိုးစိတ်သစ်ကြောင့်ဖြစ်ပါတယ်။ ဒီပမာဏဟာ ဇွန် ၂၁ ရက်မှ ဇွန် ၂၇ ရက်အထိဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ရဲ့နှစ်ဆကျော်ဖြစ်ပါတယ်။

### တတိယလှိုင်းကို ထိန်းသိမ်းနိုင်ဖို့အကောင်းဆုံးကြိုးစား

ထိုင်းနိုင်ငံဟာ ကိုဗစ်- ၁၉ တတိယလှိုင်းဂယက်ကူးစက်ဖြစ်ပွားလာတာကို ထိန်းသိမ်းနိုင်ဖို့အတွက် အကောင်းဆုံး ကြိုးစားလုပ်ဆောင်နေကြပါတယ်။ ကိုဗစ်- ၁၉ တတိယလှိုင်းဟာ ထိုင်းနိုင်ငံအတွက်တော့ ခုချိန်အထိ အဆိုးဆုံးလို့ပြောရမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ ၁၁ သန်းကျော် ထိုးပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ လူဦးရေသန်း ၇၀ နီးပါးရဲ့ ၇၀ ရာခိုင်နှုန်းကို အခုနှစ်ကုန်မှာ ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ထိုင်းအစိုးရဟာ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါတယ်။ ။

ကိုးကား- ဆင်ဟွာ

- ထိုင်းနိုင်ငံဟာ ကိုဗစ်- ၁၉ တတိယလှိုင်းဂယက် ကူးစက်ဖြစ်ပွားလာတာကို ထိန်းသိမ်းနိုင်ဖို့အတွက် အကောင်းဆုံး ကြိုးစားလုပ်ဆောင်နေကြပါတယ်။ ကိုဗစ်- ၁၉ တတိယလှိုင်းဟာ ထိုင်းနိုင်ငံအတွက်တော့ ခုချိန်အထိ အဆိုးဆုံးလို့ ပြောရမှာ ဖြစ်ပါတယ်။
- ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ ၁၁ သန်းကျော် ထိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ လူဦးရေသန်း ၇၀ နီးပါးရဲ့ ၇၀ ရာခိုင်နှုန်းကို အခု နှစ်ကုန်မှာ ကာကွယ်ဆေး ထိုးပေးနိုင်ဖို့ ထိုင်းအစိုးရဟာ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိ

## မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာ၊ မြစေတီကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**မော်လမြိုင် ဩဂုတ် ၅**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာ၊ မြစေတီကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၀)နှစ်၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၂)ရက်၊ (၄-၈-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၀၈ : ၀၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့နံနက် (၀၉ : ၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

## ကော့သောင်းမြို့နေပြည်သူ ၁၅၈၂ ဦးအား ကိုဗစ်- ၁၉ ကာကွယ်ဆေး တစ်ကြိမ်စီ ထိုးနှံပေးပြီးဖြစ်

**ကော့သောင်း ဩဂုတ် ၅**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၅၀ ဖြင့် ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ အပါအဝင် မြို့နေပြည်သူများအား ယနေ့နံနက်ပိုင်းအထိ ထိုးနှံပေးလျက်ရှိသည်။



ယခု ဒုတိယအကြိမ်ရရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၁၅၀ ဖြင့် ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့ ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ခုတင်(၁၀၀) တပ်မတော်ဆေးရုံ ဆေးဝန်ထမ်းများက ဇူလိုင် ၃၁ ရက်မှစတင်၍ ရဟန်းသံဃာသာသနာ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှပါဝင်ဆောင်ရွက် ပေးလျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့များအား ဦးစားပေး ထိုးနှံပေးခဲ့ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဌာန၏ ဩဂုတ် ၄ ရက်စာရင်းအရ ပြည်သူ ၁၅၈၂ ဦးအား ကာကွယ်ဆေး တစ်ကြိမ်စီ ထိုးနှံပေးပြီး ဖြစ်သည်။ အဆိုပါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူများအားလုံး သတ်မှတ်ကာလအတွင်း နောက်ထပ်တစ်ကြိမ် ကာကွယ်ဆေး ဆက်လက်ထိုးနှံရဦးမည်ဖြစ်သည်။

ကော့သောင်းမြို့နယ်အတွင်း ဇွန်လအတွင်းက ပထမအကြိမ်အဖြစ် လူဦးရေ စုစုပေါင်း၅၄၂၅ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်စီ အကြိမ်ပြည့် ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

ခရိုင် ပြည်သူ့ကျန်းမာရေးဌာနအနေဖြင့် ကျေးလက်ဒေသများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံမှု လုပ်ငန်းများကိုလည်း အဖွဲ့ခွဲကာ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက် ရှိကြောင်း၊ မြို့နယ်အတွင်း ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာ ၉၁ ရွာရှိပြီး လူဦးရေ ၉၁၉၄၉ ဦးခန့်ရှိကြောင်း မြို့နယ်ဒေသဆိုင်ရာ အချက်အလက် စာရင်းဇယားများ အရ သိရသည်။


**ကျော်စိုး (ကော့သောင်း)**




**သစ်တောမှန်လျှင်အသုံးဝင်၊ အစဉ်ထာဝရထိန်းသိမ်းကြ**

## နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာ၊ မြစေတီကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးအနောက်ပိုင်းကျေးရွာ ခမည်းတော် ဦးရွှေအိုး၊ မယ်တော် ဒေါ်နှင်းသိန်းတို့မှ ၁၃၀၃- ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၆-ခုနှစ်၊ တပေါင်းလဆန်း(၁၄) ရက်နေ့တွင် မြစေတီကျောင်းဆရာတော် ဘဒ္ဒန္တကေသဝကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၃- ခုနှစ်၊ ပြာသိုလဆန်း(၁)ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မူလသံယုတ်ကျောင်း ခဏ္ဍသိမ်၌ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာ၊ တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ ဖဆပလရပ်၊ တိုက်အမှတ်(၁၀)၊ အခန်း(၂၈)နေ ဒေါ်တင်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြစေတီကျောင်းဆရာတော် ဘဒ္ဒန္တကေသဝ၊ ရန်ကုန်မြို့၊ ဗဟန်း(၃)လမ်း၊ ပွဲစားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ စာချဆရာတော်များဖြစ်သော ဦးပညာဓိကာဘိဝံသ၊ ဦးကဝိန္ဒာဘိဝံသ၊ ဦးပဏ္ဍိစ္စ၊ ဦးအာလောက စသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ပထမပြန်စာမေးပွဲ အထူးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ သာသနိက အဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းနှင့် ၁၃၇၀ ပြည့်နှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနပဟိတရေဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော် မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၀)နှစ်၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၂)ရက်၊ (၄-၈-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၈ ၀၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့နံနက် (၀၉ ၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

## တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တာချီလိတ် ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ထိုင်းဘတ် ခြောက်သောင်းကျော် တန်ဖိုးရှိ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသို့ အလှူရှင်များ လာရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် ဦးကြည်မြင့်နှင့် ဒေါ်နန်းခမ်းမိသားစု တော်ဝင် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းမှ စုစုပေါင်းထိုင်းဘတ်ငွေ ၆၀၇၄၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းခြောက်မျိုးကို မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းနေဦးနှင့်အဖွဲ့ဝင်များက ပေးအပ်ရာ ခရိုင်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက လက်ခံယူပြီးနောက် ဂုဏ်ပြုလက်မှတ် ပြန်လည် ပေးအပ်သည်။

အဆိုပါ ပစ္စည်းခြောက်မျိုးမှာ နှာခေါင်းစည်း နှစ်ဖာ၊ ပါရာစီတမော ကတ် ၂၄၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ အောက်ဆီဂျင်တိုင်း ကိရိယာ လေးခု၊ သောက်ရေသန့် ကတ် ၅၀၀၊ ခေါက်ဆွဲ ၁၄၄ ဘူးတို့ ဖြစ်ကြောင်း သိရသည်။ **ယာဆေး (ပြန်/ဆက်)**

## ညောင်ဦးမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးတွင် အသုံးပြုရန် ဆက်စပ်ပစ္စည်းနှင့် အလှူငွေများလှူဒါန်း

**ညောင်ဦး ဩဂုတ် ၅**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်ပုဂံ-ညောင်ဦးဒေသရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကြုံတင်ကာကွယ်နိုင်ရေး အတွက် Bagan Myanmar Group Companies မိသားစုတို့မှ ဩဂုတ် ၃ ရက်က ညောင်ဦးမြို့ရှိ မြတ်ဒါန ပရဟိတ အသင်းထံသို့ ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးတွင် အသုံးပြုရန် ဆက်စပ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

Bagan Myanmar Group Companies မိသားစုက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူများ အသက်ရှူရာတွင် အခက်အခဲ မဖြစ်စေရန်ရည်ရွယ်ပြီး Oxygen Concentrator – 10 Liter ၂၁ လုံး၊ လူဦးရေ ၃၅၀၀ စစ်ဆေးနိုင်သည့် RTD Test Kits ၁၇၅ ဘူး၊ အောက်စီဂျင် ထိုးကျခြင်း အခြေအနေမှ ကာကွယ်ရန် COVID Medicine ဘူး ၁၃၀ တို့ကို ပုဂံ-ညောင်ဦးဒေသခံပြည်သူများအသုံးပြုနိုင်ရန် မြတ်ဒါန ပရဟိတအသင်းသို့ လှူဒါန်းသည်။

လှူဒါန်းမှုမှာ စုစုပေါင်းငွေကျပ် ၄၂၃၈၀၀၀၀ ဖြစ်ပြီး မြတ်ဒါနပရဟိတ လူမှုအကျိုးပြု အသင်းသည် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသည့် လိုအပ်နေသောလူနာများကို အောက်ဆီဂျင် အခမဲ့ ဖြန့်ဖြူးပေးနေသည့် ပရဟိတ အောက်ဆီဂျင် အသင်း ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
### ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူး(၁၄၉)နေရာအတွက် ဝန်ထမ်းလျှောက်လွှာပေးပို့ရမည့် နောက်ဆုံးရက် ပြင်ဆင်ကြေညာခြင်း

၁။ ၂၅-၇-၂၀၂၁ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် လျှောက်လွှာခေါ်ယူခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒုတိယ ဦးစီးမှူးရာထူး (၁၄၉)နေရာအတွက် ဖြေဆိုရန်လျှောက်ထားသူများ၏ လျှောက်လွှာများအား ၁၀-၈-၂၀၂၁ရက်(အင်္ဂါနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားရမည်ဖြစ်သော်လည်း ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါကြောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

၂။ ဖြေဆိုခွင့်ရရှိသူများ၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများထုတ်ယူရန်နှင့် ဖြေဆိုရမည့် နေရာများအား သိရှိဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ လိပ်စာများ၊ တယ်လီဖုန်းနံပါတ်များနှင့် စာမေးပွဲအချိန် ဇယားများကို ၁၇-၈-၂၀၂၁ရက်မှစ၍ ဌာန၏ website ဖြစ်သော www.ecd.gov.mmတွင် ဝင်ရောက်ကြည့်ရှု သွားပါရန်နှင့် ရေးဖြေစာမေးပွဲ ဖြေဆိုရမည့်ရက်ပြောင်းလဲမှုရှိပါကလည်း ဌာန၏ websiteတွင် အချိန်မီကြိုတင် အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

### ရိက္ခာဆန်ဝယ်ယူရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ လုပ်အားရှင်များအား ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ ဧပြီလအထိ ကျွေးမွေးရန်လိုအပ်သော ငစိန်/ညှော့မထ (၂၅%)ဆန်နှင့် ၎င်းထက် အရည်အသွေးမနိမ့်သော ရိက္ခာဆန် (၄၂၈၂)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံတစ်စောင်လျှင်(၁၀၀၀၀/-)နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ် အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၂၀၅၊ ၀၇၁-၂၃၂၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၅-၈-၂၀၂၁ရက် နံနက် ၉ နာရီမှ ၂၇-၈-၂၀၂၁ ရက် ညနေ ၄ နာရီထိ

တင်ဒါပုံစံ တင်သွင်းရမည့်ရက်- ၉-၉-၂၀၂၁ရက် နံနက် ၁၀နာရီ

တင်ဒါဖွင့်မည့်ရက် - ၉-၉-၂၀၂၁ရက် နံနက် ၁၀နာရီ

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

**အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်)
### ဆေးရုံအုပ်ကြီးရုံး
### ဖုန်း-၀၁၃-၆၄၀၁၃၂၊ ၀၁၃-၆၄၀၅၂၃၊ ဖက်(စ်)-၀၁၃-၆၄၀၅၂၃
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်တွင် ဆေးရုံ တက်ရောက်ကုသနေသော လူနာများ အတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်း (Consumables) များနှင့် ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ကင်ဆာဆေးဝါးများ အပါအဝင် Speciality ဆေးဝါးများ၊ Oxygen များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၆-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီ

**တင်ဒါပိတ်မည့်ရက်အချိန်** - ၂၉-၈-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်)**
**ဖုန်း-၀၁၃-၆၄၀၅၂၃၊ ၀၁၃-၆၄၀၁၃၂**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နယ်စပ်ရေးရာဝန်ကြီးဌာန
### ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
### နည်းပြ/သရုပ်ပြရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်၊ စစ်ကိုင်းတို့တွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ(လစာနှုန်း ၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀)ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန Website Page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ရယူပြီး ၁၇-၉-၂၀၂၁ရက် နောက်ဆုံးထား၍ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ Online မှ ပေးပို့လျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်/ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း | ၁။ မြန်မာစာ ၂ နေရာ၊ ၂။ အင်္ဂလိပ်စာ ၂နေရာ၊ ၃။ သင်္ချာ ၂ နေရာ၊ ၄။ သမိုင်း ၁ နေရာ၊ ၅။ ပထဝီဝင် ၂ နေရာ၊ ၆။ ဓာတုဗေဒ ၁နေရာ၊ ၇။ ဇီဝဗေဒ ၁နေရာ၊ ၈။ စီးပွားရေးပညာ ၂နေရာ၊ ၉။ စာရိတ္တပညာ ၂နေရာ၊ ၁၀။ ကွန်ပျူတာသိပ္ပံ ၁နေရာ |
| ၂။ | ဒီဂရီကောလိပ်၊ ရန်ကုန် | ၁။ မြန်မာစာ ၂ နေရာ၊ ၂။ အင်္ဂလိပ်စာ ၂နေရာ၊ ၃။ သင်္ချာ ၂ နေရာ၊ ၄။ သမိုင်း ၂ နေရာ၊ ၅။ ပထဝီဝင် ၁ နေရာ၊ ၆။ ဓာတုဗေဒ ၁နေရာ၊ ၇။ ရူပဗေဒ ၂နေရာ၊ ၈။ စီးပွားရေးပညာ ၁နေရာ၊ ၉။ ကွန်ပျူတာသိပ္ပံ ၁နေရာ၊ ၁၀။ တိုင်းရင်းသားရေးရာ ၁နေရာ၊ ၁၁။ မြို့ပြအင်ဂျင်နီယာ ၃နေရာ၊ ၁၂။ လျှပ်စစ်စွမ်းအင် ၁နေရာ၊ ၁၃။ စက်မှုအင်ဂျင်နီယာ ၁နေရာ |
| ၃။ | ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁။ မြန်မာစာ ၂ နေရာ၊ ၂။ အင်္ဂလိပ်စာ ၅နေရာ၊ ၃။ သင်္ချာ ၃ နေရာ၊ ၄။ သမိုင်း ၃ နေရာ၊ ၅။ ပထဝီဝင် ၃ နေရာ၊ ၆။ ဓာတုဗေဒ ၄နေရာ၊ ၇။ ရူပဗေဒ ၃နေရာ၊ ၈။ စီးပွားရေးပညာ ၁နေရာ၊ ၉။ စိတ်ပညာ ၂နေရာ၊ ၁၀။ ကွန်ပျူတာသိပ္ပံ ၅နေရာ၊ ၁၁။ မြို့ပြအင်ဂျင်နီယာ ၂နေရာ၊ ၁၂။ အီလက်ထရွန်နစ် ၁နေရာ၊ ၁၃။လျှပ်စစ်စွမ်းအား ၃နေရာ၊ ၁၄။ စက်မှုအင်ဂျင်နီယာ ၃နေရာ၊ ၁၅။ အလုပ်ရုံ ၄နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာဌာနအတွက် M.A(Myan.), M.A(Hist.), M.A(I.R)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်/စစ်ကိုင်း အင်ဂျင်နီယာဌာနများနှင့် အလုပ်ရုံဌာနအတွက် B.E/M.E ဘွဲ့၊ ကွန်ပျူတာသိပ္ပံဌာနအတွက် M.C.Sc/M.I.Sc ဘွဲ့နှင့် တိုင်းရင်းသားရေးရာဌာနအတွက် M.A(Oriental Studies) ဘွဲ့ ရရှိရမည်။

(င) ၁-၈-၂၀၂၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(ဆ) လျှောက်ထားသည့် တက္ကသိုလ်/ဒီဂရီကောလိပ်တွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန website www.moba.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### စာအုပ်စာပေ လူ့မိတ်ဆွေ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
### အခွန်အယူခံခုံအဖွဲ့ရုံး
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁
### ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
### (၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ အမှုထမ်းရာထူး (၉) နေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

(က) ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ၃ နေရာ

(ခ) အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ၆ နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ဒုတိယဦးစီးမှူး(၂၁၆၀၀၀ - ၂၀၀၀ - ၂၂၆၀၀၀) ရာထူးသို့ လျှောက်ထားသူများသည် ဥပဒေ၊ အင်္ဂလိပ်စာ၊ စီးပွားရေးဘွဲ့ ရရှိပြီးသူဖြစ်ရမည်။

(ဂ) အငယ်တန်းစာရေး(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးသို့ လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(င) (၃၀ - ၈ -၂၀၂၁) ရက်နေ့ လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၂၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာ ဖော်ပြရမည်-

(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးသက္ကရာဇ်နှင့်အသက်၊

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် တက္ကသိုလ်၊

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ် လိပ်စာ၊

(စ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊

(ဆ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ၊

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်။

၄။ လျှောက်လွှာပုံစံများကို Myanmar National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံ ခုံအဖွဲ့ Facebook Page တွင် ဖော်ပြထားသည့် အတိုင်း အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရေးသွင်းပြီး ပေးပို့ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) (၂) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၃) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ဂ) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ဃ) အသက် အထောက်အထားအတွက် တက္ကသိုလ်စာမေးပွဲ အောင်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(င) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မူရင်းနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း၊

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ် ထောက်ခံချက် မူရင်း၊

(ဇ) အလုပ်ခန့်ထားခြင်းခံရပါက အခွန်အယူခံခုံအဖွဲ့ရုံးတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်။

၆။ ဝန်ထမ်း မဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ (၃၀-၈-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အခွန်အယူခံခုံအဖွဲ့ရုံး၊ နေပြည်တော်သို့ (၃၀-၈-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၈။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် ပြည့်စုံမှု မရှိသော လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ။

၉။ ဒုတိယဦးစီးမှူး ရာထူးနေရာအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ပါဝင်သည့် ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်း များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။


၁၀။ အငယ်တန်းစာရေး ရာထူးနေရာအတွက် လျှောက်ထားသူများသည် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၁၁။ ရာထူးနေရာအားလုံးအတွက် အရည်အချင်းစစ်စာမေးပွဲကို ခန့်မှန်း (၁၁-၉-၂၀၂၁)ရက်နေ့ နှင့် (၁၂-၉-၂၀၂၁) ရက်နေ့တို့တွင် ကျင်းပရန် လျာထားပါသည်။ COVID-19 ရောဂါကာကွယ် ထိန်းချုပ်မှုအခြေအနေအရ ဖြေဆိုမည့်သူများသည် နေပြည်တော်ကောင်စီနယ်မြေသို့ ကြိုတင်ရောက်ရှိနေရန် လိုအပ်ပါသည်။ ရေးဖြေစာမေးပွဲ ဖြေဆိုရမည့် အချိန်၊ နေရာ၊ နေ့ရက်တို့ကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံ ကြေညာသွားမည် ဖြစ်ပါသည်။

၁၂။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ (ဖုန်း ၀၉- ၄၂၀၇၀၅၂၀၁ ၊ ၀၉-၄၀၁၅၄၅၄၅၄) သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ)ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**သာစုပရိယတ္တိစာသင်တိုက်၊ သီရိမင်္ဂလာကျောင်းဆရာတော်**

**ဘဒ္ဒန္တတေဇာနန္ဒ (တိုက်ကြပ်ဆရာတော်)**

**သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုပရိယတ္တိစာသင်တိုက်၊ သီရိမင်္ဂလာကျောင်း၌ သီတင်းသုံးသော ဘဒ္ဒန္တတေဇာနန္ဒ (သာသနဓဇ ဓမ္မာစရိယ၊ သာသနပါလဓမ္မာစရိယ) ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ ဝိနယာသီသစာမေးပွဲကြီးကြပ်ရေး အကျိုးတော်ဆောင်၊ ရန်ကုန်ဆန်လှူအသင်းကြီး၏ အကျိုးတော်ဆောင် ဓမ္မကထိက၊ ရွှေဟသ်ာညဝါ ကျမ်းပြုဆရာတော်သည် (၁၃၈၃–ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၃)ရက်) ၅–၈–၂၀၂၂ ရက်(ကြာသပတေးနေ့) ညနေ၄:၃၀နာရီတိတိတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ ဒါယိကာမတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

**သာစုပရိယတ္တိစာသင်တိုက်**
**သံဃာတော်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန္တာဦး**

**အသက်(၆၉)နှစ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်မှ မန်နေဂျာ၊ ဦးဖုန်းပြည့်ကျော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန္တာဦးသည် ၅–၈–၂၀၂၂ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့၊ ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသမှုပေးရာ၌ လိုအပ်သော ဆေးရုံသုံးပစ္စည်းများ (Others Consumables) ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** | –၁၀–၈–၂၀၂၂ရက် နံနက် ၁၀ နာရီ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | –၂၃–၈–၂၀၂၂ရက် ညနေ ၄ နာရီ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်စာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကင်းကလေး ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ခုတင် (၅၅၀) ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့၊**
**အမှတ်–၉၀၊ ကန်ဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ ဆက်သွယ်ရမည့်**
**ဖုန်း–၀၁–၃၅၅၀၆၈၅ (လိုင်းခွဲ–၁၁၅)၊ ၀၁–၃၅၅၀၆၇၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအား တရားဝင်လုပ်ကိုင်နိုင်ရေးအတွက် ၃–၃–၂၀၁၇ရက်မှ ၃၀–၆–၂၀၁၈ ရက်အထိ စာအုပ်သက်တမ်း (၄)နှစ်ဖြင့် ထုတ်ပေးခဲ့သည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှတ်(Certificate of Indentity–CI) များသည် ၃–၃–၂၀၂၂ရက်မှစ၍ ထုတ်ပေးခဲ့သည့်ရက်များအလိုက် သက်တမ်းကုန်လျက်ရှိပါသဖြင့် ယင်းတို့အား စာအုပ်အသစ် လဲလှယ်ထုတ်ပေးနိုင်ရေး CI သက်တမ်းတိုးစခန်းများအား ထိုင်းနိုင်ငံ၊ စမုစခွန်မြို့ (မဟာချိုင်)၊ စမုပရာကန်မြို့၊ ရနောင်းမြို့၊ ချွန်ဘူရီမြို့နှင့် ချင်းမိုင်မြို့တို့၌ စခန်း ၅ ခုဖွင့်လှစ်၍ လုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးလုပ်ငန်းအထောက်အကူပြုအဖွဲ့ ကိုယ်စားလှယ်ကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၉–၈–၂၀၂၂ရက်မှ ၈–၉–၂၀၂၂ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ(နေပြည်တော်) ဖုန်း ၀၆၇– ၄၃၀၁၈၃နှင့် ၀၆၇–၄၃၀၄၄၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ မြို့မကျောင်းလမ်း၊ အမှတ် (၂၉၅)၊ (၅လွှာ–၅အိုင်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသန်း ၁၁/စတန(နိုင်)၀၀၆၃၂၉ထံမှ ကျွန်ုပ်၏ အမှုသည်က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးဝင်း M.A (Business Law)**
**LL.,B,DIR, DBL, DML.IFCC**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၀၀၈၅/၂၉–၇–၂၀၁၄)**
**အမှတ် –၁၈၉/၁၉၅၊ ၇လွှာ၊ U Min Sein Law Firm**
**(Pansodan Office Tower) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၅၀၀၃၉၆၅၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးကျင်မြိုင်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ခင်လမ်း၊ အမှတ်(၈၅၉) နေ ဒေါ်မေရီရှိန်(အလပြ–ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကို–ဒေါ်ချိုလဲ့လဲ့ဝင်း၊ ဦးမြတ်ဇော်ဦး–ဒေါ်အိသူသူမြိုင်တို့၏ ချစ်လှစွာသောဖခင်၊ မသဒ္ဓါဆု၊ မခိုင်ဆုသျှင်၊ မောင်ဘုန်းပြည့်သူတို့၏အဘိုး ဦးကျင်မြိုင်သည် ၅–၈–၂၀၂၂ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအ ကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျင်မြိုင်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ခင်လမ်း၊ အမှတ်(၈၅၉) နေ သူငယ်ချင်း ဦးအောင်ကို၏ဖခင် ဦးကျင်မြိုင်သည် ၅–၈–၂၀၂၂ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၉)**
**ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်း**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖြူဖြူမိုးခိုင်**

**အသက်(၄၃)နှစ်**

သူငယ်ချင်း ဒုတိယ ဗိုလ်မှူးကြီး ဇော်ဟိန်း၏ ချစ်လှစွာသော ဇနီး ဒေါ်ဖြူဖြူမိုးခိုင်သည် ၂–၈–၂၀၂၂ရက် ညနေ ၃:၅၈နာရီတွင် ကွယ်လွန်ခဲ့ပြီး ၈–၈–၂၀၂၂ရက် နံနက်တွင် မြိတ်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၉)**
**ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်း**
**မိသားစုများ**

## ဦးအောင်သန်း

**အသက်(၆၉)နှစ်**

